ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၂၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၈.၈၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးလှစိုး၊ တနင်္သာရီ (၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)ကျန်းမာရေး။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေး။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကျန်းမာရေး။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကျန်းမာရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှဆွေ၊ မကွေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကျန်းမာရေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ပြည်ထောင်စုညီလာခံကိစ္စ။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးကျော်နေမော်၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးရဲဝင့်စိုး၊ တပ်မတော်၊ တာဝန်။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## အုပ်ချုပ်ရေးမြို့တော် နေပြည်တော်၏အလားအလာကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနောင် က အုပ်ချုပ်ရေးမြို့တော် နေပြည်တော်၏ အလားအလာကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ လွှတ်တော်

ကိုယ်စားလှယ်များခင်ဗျား။ အားလုံးပဲ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နေပြည်တော်နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းတင်ပြ သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်ကို အုပ်ချုပ်ရေးမြို့တော်အဖြစ် ပြောင်းရွှေ့ခဲ့တာ (၁၀)နှစ်မျှ ကြာလာပြီဖြစ်တဲ့အတွက် အခြေခံအဆောက်အအုံတွေလည်းပြည့်စုံ ခိုင်မာလာပြီး နေထိုင်ကြသူများ လည်း နေသားကျသလောက် ရှိနေပြီဖြစ်ပါတယ်။ နေပြည်တော်ရဲ့ ပထဝီဝင်အနေအထားအရရော၊ နိုင်ငံရေး ဖြစ်စဉ် တိုးတက်ဖြစ်ထွန်းမှုတွေနဲ့ အခြေအနေတွေပြောင်းလဲ လာတာများကြောင့် အုပ်ချုပ်ရေး မြို့တော်ကို ပြောင်းရွှေ့ခဲ့တဲ့ ရည်ရွယ်ချက်၊ အောင်မြင်မှုရှိ/မရှိ ကောင်းကောင်းသုံးသပ်နိုင်လောက်ပြီ ဖြစ်ပါတယ်။ အခြေအနေတွေ ပြောင်းလဲလာတာနဲ့ ပတ်သက်ပြီး ရန်ကုန်မြို့မှာ ယာဉ်ကြောပိတ်ဆို့မှု အလွန်ပဲ များပြားကျပ်တည်းလာတာ အလွန်ကိုပဲ သိသာပါတယ်။ ရန်ကုန်မှာ ဟိုး အရင်တုန်းကအတိုင်း ပြည်ထောင်စုအဆင့် ဝန်ကြီးရုံးတွေ၊ လွှတ်တော်တွေ၊ စစ်ရုံး၊ စစ်ဌာနချုပ်ကြီးတွေသာ ဆက်ပြီး ရှိနေမယ်ဆိုရင် ဘယ်လောက်တောင် ကျပ်တည်းခက်ခဲမယ်ဆိုတာ စဉ်းစားကြည့်လို့ရပါတယ်။ ယခုလို နေပြည်တော်ကို ပြောင်းရွှေ့လာတဲ့အတွက် ရန်ကုန်၊ ပဲခူး၊ မွန်၊ ကရင်၊ တနင်္သာရီ၊ ဧရာဝတီနဲ့ ရခိုင်၊ ဒါ စုစုပေါင်း တိုင်းဒေသကြီးနဲ့ ပြည်နယ်(၇)ခု ဝေးသွားတယ်လို့ ဆိုနိုင်ပေမယ့် ချင်း၊ ကချင်၊ ကယား၊ ရှမ်း၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး စုစုပေါင်း တိုင်းဒေသကြီးနဲ့ ပြည်နယ်(၇)ခုကတော့ နီးသွားတာကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီအထဲမှာ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း ဒေသကြီးတွေက အင်မတန် ကျယ်ပြန့်တာကို လည်း တွေ့မြင်နိုင်ပါတယ်။

သို့သော်လည်းပဲ နေပြည်တော်ကို ပြောင်းရွှေ့စကတည်းက ရန်ကုန်ကို ပြန်ပြီးပြောင်းရွှေ့နိုင် တယ်။ စောင့်ကြည့်ဦးမယ်ဆိုသူများလည်းရှိခဲ့ပါတယ်။ တစ်နည်းအားဖြင့် နေပြည်တော်ရဲ့ ရှေ့ကို တိုးတက်ဖြစ်ထွန်းမယ့် အလားအလာကို သဲသဲကွဲကွဲမမြင်နိုင်သေးတဲ့သဘောပဲဖြစ်ပါတယ်။ သဲသဲကွဲကွဲ မြင်လာမှ ယုံကြည်မှုရှိလာမယ်။ နိုင်ငံတကာကရော၊ ပြည်တွင်းကပါ လာရောက်ရင်းနှီးမြှုပ်နှံ အခြေချ နေထိုင်လုပ်ကိုင်သူများပြားလာပြီး အရှိန်အဟုန်နဲ့ တိုးတက်ဖွံ့ဖြိုးပြီး ပိုမိုစည်ကားလာမှာဖြစ်ပါတယ်။

ဒါကြောင့် နေပြည်တော်ရဲ့ ရှေ့အလားအလာရှိမှုကို ပြည်သူများကောင်းစွာ သိရှိသဘော ပေါက်လာကြစေရန်အတွက် သက်ဆိုင်ရာက ရှင်းလင်းဖြေကြားပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းနဲ့ ပတ်သက်ပြီး နေပြည်တော်ကောင်စီဝင်က ဖြေကြားပေးဖို့ဖြစ် ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၂။**

**ဦးကံချွန်(ကောင်စီဝင်၊နေပြည်တော်ကောင်စီ)**။ ။လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များ

အားလုံး ကိုယ်စိတ်နှလုံး ရွှင်လန်းချမ်းမြေ့၍ ကျန်းမာပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီဝင် ဦးကံချွန် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးဝင်းနောင် ရဲ့ ဆွေးနွေးမေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်တွင် သံတမန်များ အပါအဝင် လုပ်ငန်းရှင်များ၊ ပြည်သူများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံ နေထိုင်လုပ်ကိုင်နိုင်ရန် အထူးစီမံထားတဲ့ အစီအမံများနှင့်ခေတ်မီမြို့ပြစီမံကိန်း၊ လမ်းပန်းဆက်သွယ်မှု ကွန်ရက်စီမံချက်များစသည့် အရေးကြီးသည့်လိုရင်းအခြေအနေမှန်များကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းသည့်မေးခွန်းနှင့် ပတ်သက်၍ အကျဉ်းချုံး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်သည် မြန်မာပြည်အလယ်ပိုင်းတွင် တည်ရှိပြီး ပင်လယ်ရေပြင်အထက် (၃၇၇)ပေအမြင့်တွင် တောတောင်များ ဝိုင်းရံထားသော မြေပြန့်၌ တည်ရှိပါတယ်။ ရာသီဥတုအနေနဲ့ ပျမ်းမျှအမြင့်ဆုံးအပူချိန်မှာ (၃၂.၅)ဒီဂရီစင်တီဂရိတ် (၉၀.၅ ဒီဂရီဖာရင်ဟိုက်)နှင့် ပျမ်းမျှအနိမ့်ဆုံးအပူချိန်မှာ (၂၁.၂) ဒီဂရီစင်တီဂရိတ် (၇၀.၂ ဒီဂရီဖာရင်ဟိုက်) ရှိပါတယ်။ ပျမ်းမျှမိုးရေချိန်မှာ (၄၅.၃၃) လက်မရှိပြီး၊ တစ်နှစ်လုံးမှာ မိုးရွာ (၁၂၃)ရက်ရှိပါတယ်။ သစ်တောအနေနဲ့ ရွက်ပြတ် ရောနှောတော (Mixed deciduous forest) ပေါက်ရောက်သောနေရာဖြစ်တဲ့အတွက် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ယာ၊ အင်ကြင်း၊ တမလန်း၊ ကညင် စတဲ့အပင်များပေါက်ရောက်လျက်ရှိပြီး၊ မင်းပြင်သစ်တောကြိုးဝိုင်းမှာပေါက်ရောက်တဲ့ ကျွန်းပင်များဟာ အနက်အဆင်း (Black Stripe) ကျွန်းကောင်းဖြစ်သဖြင့် ကမ္ဘာတွင် ထင်ရှားနာမည်ကြီးသောကျွန်း ဖြစ်ပါတယ်။

ထို့အပြင် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစိမ်းငုံ၊ ဝါ၊ အစေ့ထုတ်ပြောင်း၊ ကြံတို့ဟာ နေပြည်တော်ရဲ့ အဓိကသီးနှံ(၁၀)မျိုးဖြစ်ပါတယ်။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သည် (၂၇၂၄.၇၅)စတုရန်းမိုင်၊ ဧကအားဖြင့် (၁၇၄၃၈၄၄)ဧက ကျယ်ဝန်းသည့်အနက် ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောမှာ (၇၂၃၉၂၀.၃)ဧက၊ တောရိုင်း(၂၆၂၃၈၁)ဧက ရှိပါတယ်။ လယ်မြေဧရိယာအနေနဲ့ (၁၆၈၈၈၀)ဧက၊ ယာမြေ(၁၂၂၀၂၁)ဧက၊ ဥယျာဉ်မြေ(၁၀၇၄၉)ဧက၊ တောင်ယာမြေ (၆၁၆)ဧက ရှိပြီး၊ မြေရိုင်း(၂၄၁၀)ဧကရှိပါတယ်။ သစ်တော၊ သစ်ပင်၊ လယ်ကွင်း၊ ယာခင်းများနှင့် ဝိုင်းရံတည်ဆောက်ထားသော မြို့တော်ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူဦးရေအနေနဲ့လည်း (၁၁၆၀၂၄၂)ဦးရှိပြီး၊ မြို့ပေါ်နေလူဦးရေမှာ (၃၇၅၁၈၉)ဦး၊ ကျေးလက်နေလူဦးရေမှာ (၇၈၅၀၅၃)ဦးရှိသဖြင့် လူဦးရေသိပ်သည်းဆမှာ တစ်စတုရန်း ကီလိုမီတာမှာ (၁၆၄.၄)ဦးသာ ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် တစ်စတုရန်းကီလိုမီတာမှာ (၇၁၆)ဦး၊ မန္တလေးတိုင်းဒေသကြီးမှာ တစ်စတုရန်းကီလိုမီတာမှာ (၂၀၀)ဦး ရှိပါတယ်။ အလုပ်အကိုင်ရရှိမှုနှင့် လူဦးရေအချိုး (Employment to Population Ratio) အနေဖြင့် အသက်(၁၅)နှစ်နှင့်အထက် ကျား(၆၅)ရာခိုင်နှုန်း၊ မ(၈၂)ရာခိုင်နှုန်းရှိပြီး၊ အသက်(၁၅)နှစ်နှင့် (၆၄)နှစ် အနေဖြင့် ကျား(၆၇.၈)ရာခိုင်နှုန်းနှင့် မ(၈၄.၅)ရာခိုင်နှုန်းရှိပါတယ်။ အသက်(၁၅)နှစ်နှင့်အထက် စာတတ်မြောက်မှုရာခိုင်နှုန်း (Literacy Rate) အနေနဲ့လည်း ကျား(၉၈)ရာခိုင်နှုန်းနှင့် မ(၉၁.၄)ရာခိုင်နှုန်းရှိပါတယ်။

တစ်ဖန် ရေအရင်းအမြစ်အနေဖြင့်လည်း လက်ရှိ ပေါင်းလောင်းမြစ်ဟာ(၁)နှစ်ပတ်လုံး စီးဆင်းနေတဲ့မြစ် ဖြစ်ပါတယ်။ ယခု လောလောဆယ်အားဖြင့် ငလိုက်ဆည်၊ ချောင်းမကြီးဆည်၊ ရန်အောင်မြင် ဆည်၊ ဆင်သေဆည်၊ ရေဆင်းဆည်စတဲ့ ဆည်များ၊ အဝီစိတွင်းများ၊ အုတ်စီရေတွင်းများမှ ရေလုံလုံ လောက်လောက်ရရှိနေပါတယ်။ တစ်ဖန် လျှပ်စစ်အနေဖြင့်လည်း မြန်မာနိုင်ငံရဲ့ မဟာဓာတ်အားလိုင်းအပြင် ပေါင်းလောင်းရေအား လျှပ်စစ်စက်ရုံမှ (၇၀)MW (၄) လုံးဖြင့် (၂၈၀) MW၊ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စက်ရုံမှ (၇၀) MW (၂) လုံးဖြင့် (၁၄၀) MW၊ နန်ချိုရေအား လျှပ်စစ်စက်ရုံမှ (၂၀) MW (၂) လုံးဖြင့် (၄၀) MW ရရှိနိုင်ပါတယ်။ ယနေ့အမှန်တကယ် သုံးစွဲမှုမှာ (၁၂၀) MW ခန့်သာရှိကြောင်း တင်ပြအပ် ပါတယ်။

လမ်းပန်းဆက်သွယ်ရေးအနေနဲ့ ရန်ကုန်သို့ (၄)နာရီခရီး မောင်းနှင်နိုင်ပြီး၊ မန္တလေးသို့ (၃)နာရီခန့်သာ မောင်းနှင်နိုင်တဲ့ (၄)လမ်းသွားအမြန်လမ်းမကြီး (Expressway) အပြင် မူလ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးကိုလည်း ယခုအခါ (၆)လမ်းသွားအထိ တိုးမြှင့်စီမံဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန် - နေပြည်တော် - မန္တလေး မီးရထားလမ်းလည်းရှိပြီးဖြစ်သည့်အပြင် နေပြည်တော်လေဆိပ်မှာလည်း Asian Wings Airway, Air KBZ, APEX Airlines, FMI Airlines, Myanmar National Airlines များဖြင့် နေပြည်တော်နှင့် မန္တလေး၊ ရန်ကုန်၊ ဟဲဟိုး၊ ကျိုင်းတုံ၊ ပုဂံ၊ မြစ်ကြီးနား၊ စစ်တွေ စတဲ့ မြန်မာပြည်အနှံ့မြို့များသို့ လေယာဉ်ဖြင့် သွားလာနိုင်ပါတယ်။ ထို့အပြင် Bangkok Airways ဖြင့် ဘန်ကောက်သို့ (၁)ပတ် (၅)ကြိမ်၊ China Eastern Airlines မှ ကူမင်းကို (၁)ပတ်လျှင်(၂)ကြိမ် နေပြည်တော်မှ တိုက်ရိုက်သွားနိုင်ပါတယ်။

ထို့အပြင် ပြည်တွင်းမှ အမြို့မြို့အနယ်နယ်သို့ ခရီးသွားနိုင်ရန်အတွက် နေပြည်တော်အခြေပြု မော်တော်ယာဉ်လိုင်း (၁၉)လိုင်း၊ ကားအစီးရေ(၂၅၀)စီးဖြင့်လည်းကောင်း၊ အခြားပြည်နယ်/တိုင်းအခြေပြု ယာဉ်လိုင်း(၅၉)လိုင်း၊ ယာဉ်အစီးရေ(၈၀၀)စီးဖြင့် သွားလာနိုင်ပါတယ်။ မြို့တွင်းယာဉ်လိုင်းများအနေဖြင့် ယာဉ်လိုင်း(၄)လိုင်း၊ ယာဉ်စီးရေ(၂၆၅)စီးဖြင့် ပြေးဆွဲလျက်ရှိပါတယ်။ အဝေးပြေးယာဉ်ရပ်နားစခန်းများနှင့် ယာဉ်ပြင်အလုပ်ရုံများ၊ အဆင့်မြင့်ယာဉ်ပြင် စခန်းများကိုလည်း စနစ်တကျစီမံထားရှိပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သံရုံးများဆောက်လုပ်နိုင်ရန်အတွက် ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်နောက်ကြောမှာ (၅၀၀)ပေ x (၅၀၀)ပေ အကျယ်မြေကွက် (၁၂၀)ကွက်ကိုလည်းကောင်း၊ (၃၀၀)ပေ x (၃၀၀)ပေအကျယ် စစ်သံမှူးရုံးမြေကွက်(၅၀)ကွက်ကိုလည်းကောင်း ဖော်ထုတ်ထားပြီးဖြစ်ရာ လောလောဆယ်အားဖြင့် သံရုံးများမဆောက်သေးသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ မလေးရှားနိုင်ငံတို့က စာချုပ် ချုပ်ဆိုငှားရမ်း ထားပြီးဖြစ်ပါတယ်။ တရုတ်နိုင်ငံ၊ ကာတာနိုင်ငံ၊ ဘရူနိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှလည်း ငှားရမ်းရေးနှင့် စာချုပ်ချုပ်ဆိုရေးစီစဉ်ဆောင်ရွက်ဆဲဖြစ်ပါတယ်။

ထို့အပြင် ဒက္ခိဏသီရိမြို့နယ်မှာ အသေးစားနှင့် အလတ်စားစက်မှုဇုန်ကို မြေဧရိယာ (၃၈၅) ဧကမှာ မြေကွက်တစ်ကွက်လျှင် အကျယ်(၂.၀)ဧကမှ (၂.၅)ဧကရှိ မြေကွက်ပေါင်း(၁၁၅)ကွက် ဖော်ထုတ်ထားပြီး ကွန်ကရစ်လမ်းများ၊ 33/11 10MVA ဓာတ်အားခွဲရုံများ၊ ဆက်သွယ်ရေး၊ ရေ စတဲ့ အဆင်ပြေအောင် ဆောင်ရွက်ထားပြီးဖြစ်ရာ လောလောဆယ် ကုမ္ပဏီ(၂၆)ခုမှ မြေကွက် (၅၁)ကွက်တွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူများနေထိုင်ရန်အတွက် ဒက္ခိဏသီရိမြို့၊ ဥတ္တရသီရိမြို့၊ ပုဗ္ဗသီရိမြို့တို့အပြင် ဇမ္ဗူသီရိမြို့နယ် ရှိုင်ရယ်မြန်မာဂေါက်ကလပ်အနီး ကျောက်မျက်ဈေးရှေ့မှာ အဆင့်မြင့်အိမ်ရာများကို ကုမ္ပဏီ(၅)ခုမှ ဆောက်လုပ်လျက်ရှိပါတယ်။ နေပြည်တော်တွင် လာရောက်နေထိုင်လိုသူများအတွက် အဆိုပါ ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်။

ဟိုတယ်များအနေဖြင့် ဒက္ခိဏသီရိဟိုတယ်ဇုန်(၁)တွင် ဟိုတယ် (၃၀)လုံး၊ ဥတ္တရသီရိ ဟိုတယ်ဇုန်အမှတ်(၂)တွင် ဟိုတယ် (၁၃)လုံး၊ ဒက္ခိဏသီရိဟိုတယ်ဇုန် အမှတ်(၃)တွင် ဟိုတယ် (၃)လုံး ဖွင့်လှစ်ထားရှိပါတယ်။ ဟိုတယ်တွင် မတည်းဘဲ ဈေးနှုန်းသက်သာစွာဖြင့် တည်းခိုနိုင်ရန်အတွက် လည်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ ဧည့်ရိပ်သာတွင်လည်း တည်းခိုနိုင်ပါတယ်။

ပြည်တွင်းပြည်ပ ဧည့်သည်များ နေပြည်တော်သို့ Long stay နေလိုသူများ၊ သံရုံးများ၊ ရုံးခန်းများဖွင့်လှစ်လိုသူများအတွက် ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား - တောင်ညိုလမ်းဘေး၊ ဇမ္ဗူသီရိ အထူးကုဆေးရုံနှင့် ကပ်လျက်တွင် Grand ACE Villa စီစဉ်ဆောင်ရွက်ထားပြီး အဆင့်မြင့် Apartment များ၊ ရုံးခန်းများနှင့် ထိုဝင်းထဲမှာပင် Shopping Mall, Swimming Pool, Gymnasium, Spa တို့ပါ ပါရှိပါတယ်။ လောလောဆယ်အားဖြင့် တရုတ်သံရုံး ရုံးခွဲဖွင့်လှစ်ထားပြီး၊ နိုင်ငံခြားသား(၂၆)ဦး နေထိုင်လျက်ရှိပါတယ်။ Apartment (၄၈) ခန်းရှိရာ (၂၃)ခန်း နေထိုင်လျက်ရှိ ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်မှာ နိုင်ငံတကာအစည်းအဝေးကြီးများ၊ ဥပမာ World Economic Forum, ASEAN Summit ကဲ့သို့ အစည်းအဝေးများ၊ နိုင်ငံခေါင်းဆောင်ကြီးများ တည်းခိုနေထိုင်ပြီး အစည်းအဝေးလက်ခံကျင်းပနိုင်တဲ့ MICC-1, MICC-2 Convention Center (၂)ခုလည်း ရှိပါတယ်။ ဒါကြောင့် ယာဉ်ကြောမပိတ်၊ လုံခြုံရေးကောင်းမွန်စွာဖြင့် အများပြည်သူ၏ သွားလာမှု အနှောင့်အယှက်မဖြစ်ဘဲ အစည်းအဝေးများကို ကျင်းပနိုင်အောင် ဆောက်လုပ်စီစဉ် ထားပြီး ဖြစ်ပါတယ်။ အလားတူပင် နိုင်ငံတကာ အားကစားပြိုင်ပွဲအမျိုးစုံ လက်ခံကျင်းပနိုင်တဲ့ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဇေယျာသီရိအားကစားကွင်းများလည်း ရှိပါတယ်။

ထို့အပြင် ဈေးများ၊ Shopping Mall များ၊ Shopping Complex များအပြင် မြန်မာ့ ကျောက်မျက်ရတနာပြတိုက်၊ မဏိရတနာ ကျောက်စိမ်းခန်းမ၊ ကျောက်မျက်ရတနာ အချောထည် အရောင်းဆိုင်များလည်းရှိပါတယ်။ အပန်းဖြေလေ့လာစရာများအနေဖြင့် နေပြည်တော် ရေပန်းဥယျာဉ်၊ ပန်းမြိုင်လယ်ဥယျာဉ်၊ ပရဆေးဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ အမျိုးသားအထိမ်း အမှတ်ဥယျာဉ်၊ ငလိုက်ကန်သာအပန်းဖြေစခန်းတို့ ကြည့်ရှု လေ့လာနိုင်ပါတယ်။ ကျန်းမာရေးအတွက် လည်း ခုတင် (၁၀၀၀)ဆံ့ပြည်သူ့ဆေးရုံ၊ ခုတင် (၃၀၀)ဆံ့ နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ပြည်သူ့ဆေးရုံကြီး၊ ခုတင် (၂၀၀)ဆံ့ ပျဉ်းမနားဆေးရုံနှင့် ခုတင် (၁၀၀)ဆံ့ အထူးကုဆေးရုံ (၄)ရုံ၊ အရိုးအထူးကုဆေးရုံနှင့် ကလေးအထူးကုဆေးရုံများမှာ ဖွင့်လှစ်ပြီးဖြစ်ပါတယ်။ တပ်ကုန်းမြို့နှင့် လယ်ဝေးမြို့တို့တွင် ခုတင် (၁၀၀)ဆံ့ ဆေးရုံများနှင့် သီရိ(၅)မြို့နယ်မှာ ခုတင် (၅၀)ဆံ့ ဆေးရုံများလည်း ရှိပါတယ်။ ပုဂ္ဂလိက အနေဖြင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးနှင့် ဥတ္တရသီရိဆေးရုံအပြင် အခြား ဆေးခန်း (၁၁)ခုလည်း ရှိပါ တယ်။

ပညာရေးအနေဖြင့်လည်း ရေဆင်းသစ်တောတက္ကသိုလ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သူနာပြုသင်တန်းကျောင်း၊ သားဖွားသင်တန်းကျောင်း၊ စက်မှုလက်မှုအထက်တန်းကျောင်းများရှိပါတယ်။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှာ အထက်တန်းကျောင်း (၆၅)ကျောင်း၊ အလယ်တန်းကျောင်း(၆၈)ကျောင်း၊ မူလတန်းကျောင်း(၅၆၅)ကျောင်း၊ မူကြို(၂၈)ကျောင်းအပြင် International School အနေဖြင့် အလင်းရောင် Private high School (ILBCကျောင်း) လည်း ရှိပါတယ်။ ပုဂ္ဂလိကအနေဖြင့် စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း၊ OIAC ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် Horizon မူကြိုကျောင်း၊ New Campus မူကြိုကျောင်းများ ဖွင့်လှစ်သင်ကြားလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သည် ရာသီဥတု ကောင်းမွန်ခြင်း၊ တောတောင်လယ်ယာမြေများ ဝိုင်းရံလျက်ရှိသည့်အပြင် လူနေထူထပ်မှုလည်း အသင့်အတင့်ရှိခြင်း၊ မြို့တည်ဆောက်ထားမှုမှာလည်း လမ်းများ၊ လမ်းဘေးဥယျာဉ်များ၊ သစ်တောများဖြင့် လှပခြင်း၊ ယာဉ်ကြောပိတ်ဆို့မှု လုံးဝမရှိခြင်း၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်း၊ ဟိုတယ်/ တည်းခိုခန်းများ၊ Shopping Mall များ၊ Restaurant များ ရှိသည့်အပြင် ပညာရေး၊ ကျန်းမာရေးလည်း ပြည့်စုံပါတယ်။

ထို့အပြင် အပန်းဖြေစရာများရှိသည့်အတွက် ပြည်တွင်းပြည်ပဧည့်သည်များ လာရောက်လည်ပတ်ခြင်း၊ နေထိုင်ခြင်းအတွက် သင့်တော်ကြောင်း တွေ့ရှိနိုင်ပါတယ်။ တစ်ဖန် နိုင်ငံတကာ အစည်းအဝေးကြီးများနှင့် အစည်းအဝေးသို့ တက်ရောက်လာသော နိုင်ငံ့ခေါင်းဆောင်များ တည်းခိုနေထိုင်ရေး၊ သွားလာရေး၊ လုံခြုံရေးကအစ အထူးကောင်းမွန်ပြီး၊ ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနရုံးများ၊ လွှတ်တော်၊ ပြည်ထောင်စုတရားရုံးချုပ်ကအစ အုပ်ချုပ်မှုကိစ္စများအားလုံး တစ်စုတစ်စည်းတည်းရှိနေခြင်း၊ ဆက်သွယ်ရေးကောင်းမွန်ခြင်း၊ လုံခြုံရေးကောင်းမွန်ခြင်းနှင့် ပြည့်စုံသော မြို့တော်ဖြစ်ကြောင်းလည်း ထင်ရှားသိသာစေပါတယ်။ ရင်းနှီးမြှုပ်နှံမှုအနေဖြင့်လည်း သွားလာရေး၊ ပို့ဆောင်ရေး၊ လူအရင်းအမြစ် သဘာဝသစ်တောနှင့် သီးနှံများထွက်ရှိခြင်း၊ လျှပ်စစ်မီး၊ ရေ အထူးကောင်းမွန်သဖြင့် ရင်းနှီးမြှုပ်နှံလိုသူများ၏ လိုအင်ဆန္ဒနှင့် ကိုက်ညီနေမည်ဟု ယူဆပါတယ်။

ထို့အတူ သံရုံးများဖွင့်လှစ်ရန် မြေနေရာစီစဉ်ထားသည့်အပြင် ဟိုတယ်များလည်းရှိပါတယ်။ Long stay နေမယ်ဆိုရင်လည်း၊ ရုံးများဖွင့်လိုလျှင်လည်း အဆင့်မြင့် Grand ACE Villa ကို စီစဉ်ဆောက်ရွက်ထားပြီးအပြင် သံရုံးများ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် နေပြည်တော်သည် နေထိုင် ရန် အဆင်ပြေမည်ဖြစ်ပါကြောင်း ခြုံငုံသုံးသပ် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းကဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးကတစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မတူပီမြို့နယ်၊ လိုင်းလင်းပီကျေးရွာအား မြို့အဖြစ် သတ်မှတ်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် က မတူပီမြို့နယ်၊ လိုင်းလင်းပီကျေးရွာအား မြို့အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)။** ။ ရှိသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယ ဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံး မင်္ဂလာပါ။ ကျွန်တော် ချင်းပြည်နယ် အမှတ်(၉)အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင်က အောက်ပါမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မတူပီမြို့နယ်ရှိ လိုင်းလင်းပီကျေးရွာသည် အိန္ဒိယနယ်စပ် အနီးရှိ ရွာဖြစ်ပါတယ်။ လူဦးရေ(၂၀၀၀)ခန့်ရှိပြီး အိမ်ခြေ (၄၀၀)ရှိပါတယ်။ ၎င်းအပြင် အစိုးရအထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ ကြေးနန်းစာတိုက်ရုံး၊ ရဲစခန်းနှင့် ရှေ့တန်းတပ်စခန်းလည်းတည်ရှိသော နယ်စပ်ဒေသ ရွာတစ်ရွာဖြစ်ပါတယ်။ မတူပီမြို့မှ မိုင်(၁၀၀)၊ ပလက်ဝမြို့မှ မိုင်(၁၂၀)၊ ထန်တလန်နှင့်ဟားခါးမြို့မှ မိုင်(၁၅၀)စီ အသီးသီးကွာဝေးလျက်ရှိပြီး အုပ်ချုပ်မှု ဆောင်ရွက်ရာ၌ လမ်းပန်းဆက်သွယ်ရေး အဆင်မပြေသေးပါသဖြင့် အုပ်ချုပ်ဖို့လုပ်ငန်း ဆောင်ရွက်ရန် အလွန်အခက်အခဲရှိပါတယ်။ မြို့နယ်အလှမ်းကွာဝေးတဲ့ အလျောက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတို့ကို ချင်းပြည်နယ်၌ နောက်ကျဆုံးသော ဒေသဖြစ်ပါတယ်။ မြို့ရရှိရေးကိစ္စအား အဆင့်ဆင့် လျှောက်ထားတင်ပြပြီး ဖြစ်ပါတယ်။ သို့ပါ၍ အဆိုပါ လိုင်လင်းပီကျေးရွာအား မြို့အဖြစ် အဆင့် တိုးမြှင့်သတ်မှတ်ပေးပါရန် အစီအစဉ် ရှိ/မရှိ ဒေသခံ ပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဖားကန့်ဒေသရှိ ငွေစည်ပဟိန်း ကျောက်မျက်ကုမ္ပဏီပိုင် လုပ်ကွက်အတွင်းမှ ခိုးယူတူးဖော် ရရှိခဲ့သော အချင်းဖြစ်ကျောက်အား နိုင်ငံတော် (သို့မဟုတ်) တွင်းပိုင်ရှင်(သို့မဟုတ်) အခွန်ပေးဆောင်ထားသူတို့အနက် မည်သူပိုင်ဆိုင်သင့်သည်ကို ဆုံးဖြတ်ဆောင်ရွက်ရန်အတွက် အစိုးရအဖွဲ့က သက်ဆိုင်ရာတရားရုံးသို့ အမှုဖွင့်လွှဲပြောင်းပေးရန် သင့်/မသင့်၊ မသင့်ပါက မည်သည့်အတွက်ကြောင့် လွှဲပြောင်းပေးရန် မသင့်ကြောင်းနှင့် ကော်မတီ၏လေ့လာတွေ့ရှိချက်အရ အချင်းဖြစ်ကျောက်အား ဝန်ကြီးဌာနက သိမ်းဆည်းထားသည်မှာ (၂)နှစ်ကျော်ခန့်ရှိနေပြီး ပြည်ထဲရေးဝန်ကြီးဌာနကလည်း ယင်းအမှုကို တစ်နှစ်ကျော်ကြာ ပညာရှင်များဖြင့် စစ်ဆေး၍ အစီရင်ခံခဲ့ပြီးဖြစ်ရာ သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် ယခုလွှတ်တော် သက်တမ်းအတွင်း ပွင့်လင်းမြင်သာစွာ ဆုံးဖြတ်ဆောင်ရွက်ပေးမည့်အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း(ဥက္ကဋ္ဌ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ)က ဖားကန့်ဒေသရှိ ငွေစည်ပဟိန်း ကျောက်မျက်ကုမ္ပဏီပိုင်

လုပ်ကွက်အတွင်းမှ ခိုးယူတူးဖော်ရရှိခဲ့သော အချင်းဖြစ်ကျောက်အား နိုင်ငံတော်(သို့မဟုတ်)တွင်းပိုင်ရှင် (သို့မဟုတ်) အခွန်ပေးဆောင်ထားသူတို့အနက် မည်သူပိုင်ဆိုင်သင့်သည်ကို ဆုံးဖြတ်ဆောင်ရွက်ရန် အတွက် အစိုးရအဖွဲ့က သက်ဆိုင်ရာ တရားရုံးသို့ အမှုဖွင့် လွှဲပြောင်းပေးရန် သင့်/မသင့်၊ မသင့်ပါက မည်သည့်အတွက်ကြောင့် လွှဲပြောင်းပေးရန် မသင့်ကြောင်းနှင့် ကော်မတီ၏ လေ့လာတွေ့ရှိချက်အရ အချင်းဖြစ်ကျောက်အား ဝန်ကြီးဌာနက သိမ်းဆည်းထားသည်မှာ (၂)နှစ်ကျော်ခန့် ရှိနေပြီး ပြည်ထဲရေး ဝန်ကြီးဌာနကလည်း ယင်းအမှုကို တစ်နှစ်ကျော်ကြာ ပညာရှင်များဖြင့် စစ်ဆေး၍ အစီရင်ခံခဲ့ပြီးဖြစ်ရာ သတ္တုတွင်းဝန်ကြီးဌာန အနေဖြင့် ယခု လွှတ်တော်သက်တမ်းအတွင်း ပွင့်လင်းမြင်သာစွာ ဆုံးဖြတ် ဆောင်ရွက်ပေးမည့် အစီအစဉ်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်ကြားစာကော်မတီအနေနဲ့ အမှုဖြစ်စဉ်ကို အထောက်အထားတွေပါ အကျဉ်း ချုပ် ရှင်းပြရမှာ ဖြစ်တဲ့အတွက် သတ်မှတ်ချိန် (၃)မိနစ်ထက် (၁)မိနစ်(၂)မိနစ်လောက်ပိုခွင့်ပြုပါလို့ ဥက္ကဋ္ဌကြီး ကို တောင်းပန်အပ်ပါတယ်ခင်ဗျာ။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရယ်၊ အတွင်းရေးမှူးရယ်၊ ကော်မတီဝင် (၂)ဦးနဲ့ပေါင်း (၄)ဦးအဖွဲ့က တာဝန်ရှိသူတွေနဲ့ တွေ့ဆုံ လေ့လာထားတာဖြစ်ပါတယ်။ ဖားကန့်ဒေသမှာ တိုင်စာအရ ဦးလတောင် ဆိုတဲ့သူက ကျောက်တစ်လုံးကို ခိုးတူးပြီးတော့ ရွှန်းဂျန်းစတုန်းကို ကုမ္ပဏီကို ပေးပါတယ်။ အဲဒီကုမ္ပဏီက အစိုးရဆီမှာ ကျပ်(၁၁)သိန်း အခွန်သွားဆောင်လိုက်ပြီးတော့ သူ့ကို ငွေ(၁၀)သိန်း ပေးပါတယ်။ ရတဲ့ငွေနည်းတာကို မကျေနပ်တော့ သူတူးတဲ့နေရာရဲ့ တွင်းပိုင်ရှင်ဖြစ်တဲ့ ငွေစည်ဟိန်းကုမ္ပဏီကို သွားပြီးတော့ တိုင်ပါတယ်။ တွင်းပိုင်ရှင်ကလည်း သူ့တွင်းက ကျောက် ဖြစ်တာကြောင့် ပြန်လိုချင်လို့ သတ္တုတွင်းဝန်ကြီးဌာနကို အားကိုးတကြီး သတင်းပေးတိုင်ကြားခဲ့ပါတယ်။ အခု ကျွန်တော် ပြထားတဲ့၊ ပြမယ့်ပုံမှာ ကျောက်ကို ချပြသွားမှာဖြစ်ပါတယ်။ ခိုးတူးတဲ့သူက လာတိုင် နေတုန်းမှာလည်း တွင်းပိုင်ရှင်က သက်သေတွေရှေ့မှာ ဖုန်းနဲ့အသံသွင်း ထားခဲ့ပါသေးတယ်။ အစိုးရကို သူတိုင်မယ်ဆိုတာကို သိလို့ တစ်ဖက်ကုမ္ပဏီက အချင်းချင်းခွဲဝေ ယူရအောင် ဆိုပြီးတော့ သူ့ကို လာညှိ သေးတယ်လို့ ဆိုပါတယ်။ နောက်ပြီး အစိုးရကိုမတိုင်ဖို့ တစ်ဖက်အဖွဲ့အစည်းကလည်း ခြိမ်းခြောက်တာ တွေရှိတယ်လို့ ဆိုပါတယ်။ သတင်းရရခြင်း ဝန်ကြီးဌာနကလည်း ကျောက်ရထားတဲ့ ရွှန်းဂျန်းစတုန်း ကုမ္ပဏီဆီက သွားသိမ်းလိုက် ပါတယ်။ ဒါဟာ လွန်ခဲ့တဲ့ (၃)နှစ်လောက်က ဖြစ်ခဲ့တာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘယ်သူမဆို လာပြီး အခွန်ဆောင်တိုင်း လက်ခံတဲ့ ဝန်ကြီးဌာနရဲ့ စိစစ်ဖို့လိုတဲ့ ဒီစနစ်ကိုလည်း ပြန်စဉ်းစားရမယ် ထင်ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနက ဒီကျောက်ကို ဘယ်သူပိုင်တာလည်း သိဖို့ သက်သေတွေ စုံအောင်ခေါ်စစ်ပါတယ်။ အဓိကသက်သေဖြစ်တဲ့ ခိုးတူးတဲ့လူ ဦးလတောင်ကို ခေါ်တဲ့အခါ စုံစမ်းမရလို့ သတင်းစာကနေပြီး သတ္တုတွင်းဝန်ကြီးဌာနကရော၊ တွင်းပိုင်ရှင်ကပါ အကြိမ်ကြိမ်ခေါ်ပါတယ်။ မလာပါဘူး၊ ကျွန်တော် Power point မှာ ဆက်ပြသွားမှာ ဖြစ်ပါတယ်။ ဒါက နိုင်ငံပိုင်သတင်းစာတွေက ခေါ်ယူတဲ့ အနေအထားတွေပါ။ သူ့ကို ခေါ်တဲ့အချိန်မှာ မလာတဲ့အတွက်ကြောင့် ကျွန်တော်တို့ မိသားစုကို မေးတော့လည်းပဲ အိမ်ပြန်မလာတာကြာပြီလို့ အေးအေးဆေးဆေး ပြောပါတယ်။ ကျွန်တော်တို့ တိုင်စာကော်မတီရဲ့ သုံးသပ်ချက်ကတော့ ရည်ရွယ်ချက်

ရှိရှိ တစ်ဖက်အဖွဲ့အစည်း ဒါမှမဟုတ် တစ်စုံတစ်ဦးက ခေါ်ထားမယ်လို့ သုံးသပ်ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့ ဖြေရှင်းဖို့ခက်နေလို့ အသေးစိတ် စုံစမ်းစစ်ဆေးပေးဖို့၊ အစိုးရအဖွဲ့ကို တင်ပြတဲ့အခါမှာ ပြည်ထဲရေးဝန်ကြီးဌာနကို စစ်ဆေးဖို့ တာဝန်ပေးပါတယ်။ ပြည်ထဲရေးကလည်း (၁)နှစ်ကျော်ကြာအောင် ကျောက်မျက်ပညာရှင်တွေနှင့်အတူ ဒီအမှုကို အသေးစိတ် စုံစမ်းစစ်ဆေးပြီးလို့ အစီရင်ခံစာတောင် တင်ပြီးပါပြီ။ အမှုဟာ ကြန့်ကြာနေပြီး Action မရှိလို့ အခု ကျွန်တော်တို့ ကော်မတီကို သတ္တုသယံဇာတကော်မတီကတစ်ဆင့် ငွေစည်ဟိန်း ကုမ္ပဏီက တိုင်လာပါတယ်။ တာဝန်ရှိတဲ့ စသုံးလုံးညွှန်ချုပ်၊ ကျောက်မျက် MD တို့အပါအဝင် အရေးကြီးတဲ့ပုဂ္ဂိုလ်(၁၀)ယောက်ကို ကျွန်တော်တို့ တွေ့ဆုံမေးမြန်းလေ့လာပါတယ်။ တိုင်စာအရ ကျောက်ရဲ့ တွင်းပိုင်ရှင်လို့ ယူဆရတဲ့ ငွေစည်ဟိန်း ကုမ္ပဏီဆီမှာ ခိုးတူးတဲ့ ဦးလတောင် ကိုယ်တိုင်လာတိုင်တုန်းက ခုန ကျွန်တော် ပြောသလို တွင်းပိုင်ရှင်ကိုယ်တိုင် သက်သေတွေရှေ့မှာ ဖုန်းနဲ့အသံသွင်းထားနိုင်ခဲ့တယ် ဆိုတာ တွေ့ရပါတယ်။ အဲဒီတုန်းက အသံဖိုင်တွေဟာ ဥပဒေမှာ တရားမဝင်သေးတဲ့အတွက်ကြောင့် တရားဝင်/မဝင် ကျွန်တော်တို့ အခု လေ့လာတဲ့အခါ ဥပဒေပိုင်းက ဆောင်ရွက်ဆဲ ဖြစ်တယ်လို့ သိရပါတယ်။ ဒါစဥ်းစားရမယ့်အချက်(၁)ချက်ဖြစ်တာကိုလည်း ပြည်ထဲရေးက သုံးသပ်ထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကျောက်ဟာ ရွှန်းဂျန်းစတုန်းကုမ္ပဏီနဲ့ မပတ်သက်တဲ့ အကြောင်းကိုတော့ ရွှန်းဂျန်းစတုန်းကုမ္ပဏီရခဲ့တဲ့ နေရာတွေ၊ တွင်းတွေကို အသေးစိတ် စိစစ်ထား ပြီးဖြစ်လို့ သက်သေတွေရဲ့ ထွက်ဆိုချက်အရ ပြည်ထဲရေးက ခိုင်ခိုင်မာမာပဲ သုံးသပ်ထားတာတွေ့ရ ပါတယ်။ ဒီပုံမှာ ကျွန်တော်တို့ ရွှန်းဂျန်းစတုန်းကုမ္ပဏီကပြောတဲ့နေရာပါ။ တွင်းမရှိပါဘူး။ တူးမထားတဲ့နေရာပါ။ မတူးတာလည်း(၁၀)နှစ်လောက်ကြာပြီလို့ သိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ခိုးတူးတဲ့ သူဟာ အခုအချိန်အထိ သေလား ရှင်လားမသိရသေးပါဘူး။ ဒီခိုးတူးတဲ့လူသာ မရှိခဲ့ရင် ဒီကျောက်ကို တွင်းပိုင်ရှင်ကပဲ ရမှာဖြစ်တယ်လို့ ကျွန်တော်တို့ သုံးသပ်ပါတယ်။ အချက်(၁)ချက်ကလည်း ခိုးတူးရတဲ့ အချိန်မှာ လုံခြုံရေးအခြေအနေအရ ကျောက်တွေမတူးဖို့ ခဏရပ်ထားပါဆိုပြီး ဝန်ကြီးဌာနက ယာယီတားထားတဲ့ကာလလည်း ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ (၃)နှစ်လောက်ကြာနေတဲ့ ဒီအမှုကို ပြီးပြတ်အောင်ဖြေရှင်းဖို့ ဖြစ်ပါတယ်။ ရွှန်းဂျန်းစတုန်းကုမ္ပဏီဟာ ဒီကျောက်နဲ့ မပတ်သက်တဲ့အကြောင်း ပြည်ထဲရေး စစ်ဆေးတဲ့အဖွဲ့ရဲ့ အစီရင်ခံစာမှာ ပေါ်လွင်နေပြီဖြစ်လို့ အငြင်းပွားတဲ့ ကုမ္ပဏီ(၂)ခု ညှိနှိုင်းမျှဝေ ခံစားဖို့ကလည်း မဖြစ်နိုင်ပါဘူး။ နိုင်ငံတော်က တူးတာမဟုတ်ဘဲနဲ့ ခွင့်ပြုထားတဲ့ တရားဝင်လုပ်ကွက်က ရတာတွေဖြစ်လို့ နိုင်ငံတော်ပိုင် သိမ်းဖို့ဆိုတာကလည်းပဲ ပိုင်ရှင်ကို ထိခိုက်နစ်နာစေမယ်လို့၊ ကျွန်တော်တို့ ဒါ ချင့်ချင့်ချိန်ချိန်ဆောင်ရွက်ရမှာဖြစ်တယ်လို့ သုံးသပ်ရပါတယ်။ ဒါကြောင့် ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေနဲ့ တွေ့ဆုံ လေ့လာသုံးသပ်လိုက်တဲ့အခါမှာ တွင်းပိုင်ရှင်ကို မဖြစ်မနေ အမြန်အတည်ပြု ပေးပြီးတော့မှ တွင်းပိုင်ရှင်နဲ့ နိုင်ငံတော်တို့ကပဲ သဘောတူစာချုပ်ပါအတိုင်း အကျိုးတူမျှဝေခံစားသင့်တယ်လို့ ကျွန်တော်တို့ ဒီလိုပဲ သုံးသပ်ကြပါတယ်။

ဒါကြောင့် မေးခွန်း(၂)ခု မေးလိုပါတယ်။ ပထမမေးခွန်းကတော့ ဖားကန့်ဒေသမှာ ငွေစည်ဟိန်းကျောက်မျက် ကုမ္ပဏီပိုင်နေရာလို့ စိစစ်နေဆဲ လုပ်ကွက်ထဲက ခိုးတူးသွားတယ်ဆိုတဲ့ ဒီကျောက်ကို နိုင်ငံတော်၊ ဒါမှမဟုတ် တွင်းပိုင်ရှင်လို့ ယူဆရတဲ့ ကုမ္ပဏီ၊ ဒါမှမဟုတ် အခွန်ဆောင်ထားတဲ့ ကုမ္ပဏီ၊ ဘယ်သူပိုင်ဆိုင်သင့်တယ်ဆိုတာကို ဆုံးဖြတ်ဖို့ ဝန်ကြီးဌာနက သက်ဆိုင်တဲ့တရားရုံးမှာ အမှုဖွင့်လွှဲပြောင်းပေးဖို့ သင့်/မသင့်၊ မသင့်လို့ရှိရင် ဘယ်အတွက်ကြောင့်လွှဲပြောင်းပေးဖို့ မသင့်ပါလဲ၊ ဒုတိယနဲ့

နောက်ဆုံး မေးခွန်းကတော့ ကျွန်တော်တို့ ကော်မတီရဲ့ လေ့လာတွေ့ရှိချက်အရ ဒီကျောက်ကို ဝန်ကြီးဌာနက သိမ်းထားတာဟာ (၂)နှစ်ကျော် ရှိနေပြီဖြစ်လို့ ပြည်ထဲရေးဝန်ကြီးဌာနကလည်း (၁)နှစ်ကျော်ကြာအောင် ပညာရှင်တွေနဲ့ ပေါင်းစပ်ပြီး အထောက်အထားတွေ၊ သက်သေတွေစစ်ပြီးဖြစ်လို့ ရွှန်းဂျန်းစတုန်းကုမ္ပဏီနဲ့ မပတ်သက်ဘူးဆိုတာကိုလည်း အစီရင်ခံခဲ့ပြီးဖြစ်လို့ သက်ဆိုင်တဲ့ဝန်ကြီးဌာန အနေနဲ့ စီမံခန့်ခွဲရေးနည်းအရ ဥပဒေနဲ့အညီ ယခုလွှတ်တော် သက်တမ်းကာလ (သို့မဟုတ်) ယခုအစိုးရ သက်တမ်းကာလမှာ ပွင့်လင်းမြင်သာစွာ ဖြေရှင်း --------

အချင်းဖြစ်ကျောက် ပုံ (၈)




အချင်းဖြစ်ကျောက် ရရှိသည့်နေရာပုံ (၈-၁)




ရွှန်းကုမ္ပဏီမှမလုပ်သည်မှာ(၁၀)နှစ်အထက်တွင်ရှိပြီဖြစ်သော မန(၁၂၅)မြေပုံ



**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၄။**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ပထမဦးစွာ ချင်းပြည်နယ်အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျံလွင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဉ်း၍ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မတူပီမြို့နယ်ကို မတူပီမြို့နှင့်ရေဇွာမြို့(၂)မြို့၊ ရပ်ကွက် (၅)ရပ်ကွက် ၊ကျေးရွာအုပ်စု(၆၃)အုပ်စုနှင့် ကျေးရွာ(၁၂၈)ရွာဖြင့် ဖွဲ့စည်းထားရှိပါတယ်။ လိုင်းလင်းပီ ကျေးရွာအုပ်စုမှာ လိုင်းလင်းပီကျေးရွာနှင့် အာရုကျေးရွာ(၂)ရွာ ရှိပြီးတော့ လိုင်းလင်းပီကျေးရွာ၌ အိမ်ခြေ (၃၄၅)အိမ်၊ အိမ်ထောင်စု(၃၄၅)စု၊ လူဦးရေ(၂၃၆၁)ဦး မှီတင်းနေထိုင်လျက်ရှိပါတယ်။ လိုင်းလင်းပီ ကျေးရွာမှာ အခြေခံပညာအထက်တန်းကျောင်း၊ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၊ ဆက်သွယ်ရေးကြေးနန်းရုံး၊ ရဲကင်းနှင့် နယ်မြေမီးသတ်စခန်းများလည်း တည်ရှိပါသည်။

မြို့/ရွာပြင်ဆင်ဖွဲ့စည်းခြင်းကိစ္စများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် (သို့မဟုတ်) ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံ တင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထားရှိရာ လိုင်းလင်းပီ ကျေးရွာအား ရပ်ကွက်(၂)ရပ်ကွက် ပါဝင်သော လိုင်းလင်းပီမြို့အဖြစ် တိုးချဲ့ ပြင်ဆင်ဖွဲ့စည်းရန်အတွက် ချင်းပြည်နယ်ဝန်ကြီးချုပ်မှ နိုင်ငံတော်သမ္မတရုံးသို့ (၁၁-၉-၂၀၁၅)ရက်စွဲပါ စာအမှတ်၊ ၃/၅-၁၇(၂၈)/ဦး၃ ဖြင့် ထောက်ခံတင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ တင်ပြချက်အပေါ် နိုင်ငံတော်သမ္မတရုံးမှ သဘောထား ပြန်လည်တင်ပြရန် ၁၉-၁၀-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၁၇၆(၁)/၈/ သမ္မတရုံးဖြင့် ပြည်ထဲရေးဝန်ကြီး ဌာနသို့ အကြောင်းကြားခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၂-၁၂-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ပထရ/ဒေသ (၃၆၅)/ ဦး ၁ ဖြင့် ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မတူပီမြို့နယ်အတွင်းရှိ လိုင်းလင်းပီကျေးရွာအား ရပ်ကွက်(၂)ရပ်ကွက်ပါဝင်သော လိုင်းလင်းပီမြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကို ခွင့်ပြုသင့်ပါကြောင်း သဘောထားပြန်လည်တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန၏ တင်ပြချက်အပေါ် နိုင်ငံတော်သမ္မတရုံးမှ ၂၄-၁၂-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၁၈၉(၁)/၈/ သမ္မတရုံးဖြင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေး ကော်မတီသို့ တင်ပြဆောင်ရွက်ရန် အကြောင်းကြားခဲ့မှုအရ ပြည်ထဲရေးဝန်ကြီးဌာနမှ ၈-၁-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ပထရ / ဒေသ (၁၆) /ဦး ၁ ဖြင့် လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီသို့လည်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် လိုင်းလင်းပီမြို့တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကိစ္စအား လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကော်မတီရဲ့ အစည်းအဝေးဆုံးဖြတ်ချက်ရရှိပါက လုပ်ထုံး လုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

ဆက်လက်ပြီး တိုင်ကြားစာဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ထွန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ကျွန်တော်ကပဲ ဆက်လက်ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

ကချင်ပြည်နယ်၊ လုံးခင်း-ဖားကန့်ဒေသ ရတနာမြေမှ ငွေစည်ဟိန်းကုမ္ပဏီနှင့် ရွှန်းဂျန်းစတုန်း ကုမ္ပဏီတို့အကြား ကျောက်စိမ်းပိုင်ဆိုင်မှုနဲ့ ပတ်သက်၍ ဖြစ်ပွားခဲ့သည့် အငြင်းပွားမှုအပေါ် ပြည်ထဲရေး ဝန်ကြီးဌာနက တာဝန်ပေးချက်အရ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးစီး စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် ၂၀၁၃ခုနှစ်၊ ဇူလိုင်လ(၂၄)ရက်မှ (၃၀)ရက်နေ့ထိ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နှင့် လုံးခင်း - ဖားကန့် ဒေသအခင်းဖြစ်နေရာများသို့ သွားရောက်၍ ပတ်ဝန်းကျင်မြေပြင် သတင်းရယူခြင်း၊ အမှုနှင့် ဆက်နွှယ်ပတ်သက်သူ လူပုဂ္ဂိုလ်များအား ခေါ်ယူတွေ့ ဆုံစစ်ဆေးမေးမြန်းခြင်း၊ စာရွက်စာတမ်းအထောက်အထားနှင့် မြေပြင်ဓာတ်ပုံ မှတ်တမ်းများ၊ စုစည်းလေ့လာခြင်းများ ဆောင်ရွက် ခဲ့ပြီး ညွှန်ကြားရေးမှူးချုပ် ဦးစီးအဖွဲ့ဖြင့် ၂၀၁၃ခုနှစ်၊ သြဂုတ်လ(၆)ရက်မှ (၃၀)ရက်နေ့ထိ နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတွင် ထိန်းသိမ်းထားရှိသည့် အခင်းဖြစ် အငြင်းပွား ကျောက်အား ကြည့်ရှု စစ်ဆေးစိစစ်ခြင်း၊ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး အပါအဝင် ကျွမ်းကျင်သူ ဝန်ထမ်းအချို့နှင့် တွေ့ဆုံမေးမြန်းဆွေးနွေးခြင်း၊ အထောက် အထားစာရွက်စာတမ်းများ တောင်းခံရယူစိစစ်ခြင်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

စုံစမ်းစစ်ဆေးဖော်ထုတ်ချက်များအရ ရွှန်းဂျန်းစတုန်းကုမ္ပဏီအနေဖြင့် ဖားကန့်ရတနာမြေ အတွင်း ကျောက်စိမ်းရိုင်း တူးဖော်နေသည့် မှော်လုပ်ကွက် (မန - ၁၂၅)တွင် ၂၀၀၂ခုနှစ်မှ ၂၀၁၄ခုနှစ် အထိလည်းကောင်း၊ (မန - ၃၃)တွင် ၁၉၉၇ခုနှစ်မှ ၂၀၀၆ခုနှစ်အထိလည်းကောင်း၊ (မန -၁၂၄)တွင် ၂၀၀၂ခုနှစ် မှ ၂၀၀၅ ခုနှစ်အထိလည်းကောင်း လုပ်ကိုင်ခဲ့ပြီး၊ အဆိုပါ ကာလများအတွင်း (မန -၃၃) လုပ်ကွက် မှ ၂၀၀၀ မှ ၂၀၀၃ ခုနှစ်ဦသာ ကျောက်စိမ်းရိုင်း(၆၉၅.၅)ကီလိုအား တူးဖော်ရရှိခဲ့ပြီး (မန - ၁၂၄)နှင့် အချင်းဖြစ်ကျောက်ထွက်သည်ဟုဆိုသော (မန -၁၂၅) လုပ်ကွက်များကို မြေပြင်စစ်ဆေး တွေ့ရှိချက်များအရ ကျောက်တူးဖော်ထားသည့် အခြေအနေမတွေ့ရှိရဘဲ မူလမြေပြင်အနေအထား အတိုင်းသာ ရှိနေကြောင်းနှင့် ယင်းလုပ်ကွက်များမှ ကျောက်စိမ်းရိုင်း တူးဖော်ရရှိခဲ့ခြင်း မရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

ငွေစည်ဟိန်းကုမ္ပဏီအနေဖြင့် ဖားကန့်ရတနာမြေအတွင်း ကုမ္ပဏီမှတ်ပုံတင်၍ မော်မောင်း(၃) လုပ်ကွက်တွင် နိုင်ငံတော်နှင့် အကျိုးတူအဖြစ် ၂၀၀၉ခုနှစ်မှ စတင်လုပ်ကိုင်ခဲ့ပြီး ၂၀၁၉ခုနှစ်အထိ လုပ်ကိုင်ခွင့်ရရှိထားကြောင်း၊ စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့သည့် ၂၀၁၃ခုနှစ်ထိ ကျောက်စိမ်းရိုင်း (၇၉၈၃.၅)ကီလို တူးဖော်ရရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

စုံစမ်းစစ်ဆေးတွေ့ရှိချက်များအရသော်လည်းကောင်း၊ အထောက်အထားစာရွက် စာတမ်းများ အရသော်လည်းကောင်း၊ ရွှန်းဂျန်းစတုန်းကုမ္ပဏီအနေဖြင့် အငြင်းပွား ကျောက်တူးဖော် ရရှိသည့်ဖြစ်စဥ်၊ နေ့ရက် အချိန်ကာလနှင့် ပတ်သက်၍ ကိုက်ညီမှန်ကန်စွာ ထွက်ဆိုနိုင်ခဲ့ခြင်းမရှိသည့်အပြင် ရတနာခွန် ပေးဆောင်ရာတွင်လည်း (မန-၁၂၅) လုပ်ကွက် အမည်ခံအထွက်ပြ စာရင်းသွင်း ခဲ့ခြင်းများကြောင့် ကျောက်ထွက်ရှိမှုနှင့် ပတ်သက်၍ အမှန်တကယ် ထွက်ရှိသယောင် လိမ်လည်၍ တွင်းဝရတနာခွန် ပေးဆောင်ထားခဲ့ခြင်းသာဖြစ်ကြောင်း စိစစ်တွေ့ရှိရသည့်အပြင် အငြင်းပွားကျောက်မှာ ရွှန်းဂျန်းစတုန်း ကုမ္ပဏီပိုင် ကျောက်ကွက်များမှ ထွက်ရှိသည့် ကျောက်မဖြစ်နိုင်ကြောင်း သုံးသပ် တွေ့ရှိရပါတယ်။

ဖားကန့်ရတနာမြေ မနကျေးရွာနှင့် ရှရော်ခကျေးရွာများမှ ပတ်ဝန်းကျင်နယ်မြေ သတင်းများနှင့် နယ်မြေဒေသခံများ၏ ထွက်ဆို ဝေဖန်ပြောဆိုချက်များအရသော်လည်းကောင်း၊ ဒေသခံ ကျောက် ကျွမ်းကျင်သူများနှင့် ကျွမ်းကျင်သူ ကျောက်စိမ်းလုပ်ငန်းရှင်အချို့တို့၏ ပြောဆိုချက်များအရ သော်လည်း ကောင်း၊ အငြင်းပွားကျောက်စိမ်းရိုင်းတုံး အမျိုးအစားမှာ မော်ကြီးလုပ်ကွက် (မော်ဝမ်းကြီး၊ မော်ဝမ်းလေး၊ မော်မောင်းကုန်း)များတွင် ထွက်ရှိသည့် အမဲကြော (ခွံမဲလုံးစွပ်)အခွံပါး အရည်ကျောက် အမျိုးအစား ဖြစ်ကြောင်း တွေ့ရှိရသည့်အတွက် နယ်မြေဒေသအလိုက်ထွက်ရှိ ကျောက်အမျိုးအစား သဘာဝအရ အငြင်းပွား ကျောက်စိမ်းအရိုင်းတုံးမှာ ရွှန်းဂျန်းစတုန်းကုမ္ပဏီ ကျောက်လုပ်ကွက်များမှ ထွက်ရှိသည့် ကျောက်မဟုတ်ဘဲ မော်မောင်း အကျိုးတူလုပ်ကွက်များမှသာ ရရှိခဲ့သည့်ကျောက် ဖြစ်နိုင်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဖားကန့်ရတနာမြေအတွင်း နယ်မြေလုံခြုံရေး အခြေအနေအရ သတ္တုတွင်းဝန်ကြီးဌာန၏ ၂၀၁၂ခုနှစ်၊ မေလ (၂၃) ရက်စွဲပါစာအမှတ်၊ က -၁/ ၂၅၇/၂၀၁၂ ဖြင့် ကျောက်တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများ ယာယီရပ်ဆိုင်းထားရန် ကန့်သတ်တားမြစ် ထားရှိပါသည်။ စုံစမ်းစစ်ဆေးဖော်ထုတ် ရရှိချက်များနှင့် အထောက်အထား စာရွက်စာတမ်းများအရ အငြင်းပွားကျောက် တူးဖော်ရရှိခဲ့သည်ဟု ဆိုသောရက်မှာ ကန့်သတ်တားမြစ်ထားသည့် ကာလအတွင်း ဖြစ်နေသည့်အတွက် အဆိုပါ အငြင်းပွား ကျောက်စိမ်းအရိုင်းတုံးသည် ကန့်သတ်နယ်မြေအတွင်း တရားမဝင်သောနည်းလမ်းဖြင့် လက်ဝယ် ရယူထားရှိသည့် တရားမဝင်ကျောက် သို့မဟုတ် စည်းကမ်းပျက်ကျောက် ဖြစ်ကြောင်း သုံးသပ် ရရှိပါ တယ်။

ငွေစည်ဟိန်းကုမ္ပဏီအနေဖြင့် အငြင်းပွားကျောက်စိမ်းရိုင်းတုံးမှာ မော်မောင်းလျှန်နယ် မြေအတွင်းရှိ ၎င်းတို့၏ မော်မောင်းအကျိုးတူ (၃)လုပ်ကွက်မှ ကန့်သတ် တားမြစ်ကာလအတွင်း ကျူးကျော် ဝင်ရောက် တူးဖော်ခိုးယူသွားသည့် ကျောက်စိမ်းအရိုင်းတုံးဖြစ်ကြောင်း စွပ်စွဲတိုင်ကြား ထားရှိခဲ့သည် ဆိုသော်လည်း တရားဥပဒေစိုးမိုးရေးနဲ့လုံခြုံရေး တာဝန်ထမ်းဆောင်လျက်ရှိသည့် နယ်မြေခံရဲစခန်း သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ခုခုသို့ တိုင်ကြားခဲ့ခြင်း၊ သတင်းပို့ အမှုဖွင့် ထားရှိခဲ့ခြင်းမရှိကြောင်းလည်း စိစစ်တွေ့ရှိရပါသည်။ အလားတူ ပတ်ဝန်းကျင် မြေပြင်သတင်းများအရ

အငြင်းပွား ကျောက်စိမ်းရိုင်းအတုံးနှင့်ပတ်သက်၍ မော်မောင်းလျှန်နယ်မြေအတွင်း အခြားကုမ္ပဏီ (၁၁)ခု၏ လုပ်ကွက် (၁၁)ခုမှလည်း တောင်းဆိုတင်ပြကန့်ကွက် ထားရှိခြင်း၊ နယ်မြေခံရဲစခန်းတွင် အမှုဖွင့်လှစ် ထားရှိခြင်းများလည်း မရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ငွေစည်ဟိန်းကုမ္ပဏီအနေဖြင့် ဖားကန့်ရတနာနယ်မြေအတွင်း ကျောက်တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများ ယာယီရပ်ဆိုင်းထားရန် ကန့်သတ်တားမြစ်ခဲ့သည့် ၂၃-၅-၂၀၁၂ ရက်မတိုင်မီ ကာလအထိ ၎င်းတို့၏ လုပ်ကွက်များ၊ အပေါ်ယံမြေသား ဖယ်ရှားခြင်း၊ အရပ်အခေါ် " ခေါင်းပေါင်းခြင်း လုပ်ငန်း" များသာ ဆောင်ရွက်ထားရှိနိုင်ခဲ့ပြီး လုပ်ငန်းရပ်နားခဲ့ရကြောင်း သိရှိရတဲ့အပြင် မြေပြင်စုဆောင်းရရှိသည့် သတင်းအချက်များနှင့် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လအတွင်း စုံစမ်းစစ်ဆေးရေးအဖွဲ့ ရယူခဲ့သည့် မြေပြင် ဓာတ်ပုံအထောက်အထားများအရ ငွေစည်ဟိန်းကုမ္ပဏီ၏ မော်မောင်း အကျိုးတူ လုပ်ကွက်အပါအဝင် အခြားကုမ္ပဏီ(၁၁)ခုတို့၏ လုပ်ကွက်များမှလည်း ကျူးကျော်ဝင်ရောက် တူးဖော်ခိုးယူခံခဲ့ရခြင်း ဖြစ်နိုင်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ အငြင်းပွားကျောက်အရိုင်းတုံးမှာ မော်မောင်းလျှန်နယ်မြေရှိ ငွေစည်ဟိန်းကုမ္ပဏီ၏ မော်မောင်းအကျိုးတူ လုပ်ကွက်(၃)မှ တူးဖော်ခိုးယူခြင်းခံခဲ့ရသည့် ကျောက်ဖြစ်နိုင်သကဲ့သို့ ၎င်းနယ်မြေအတွင်းရှိ အခြားအကျိုးတူလုပ်ကွက်များမှ ရရှိသည့် ရေမဆေးကျောက်များလည်း ဖြစ်နိုင်ကြောင်း သုံးသပ်ယူဆရမည် ဖြစ်ပါတယ်။ မော်မောင်းလျှန်အကျိုးတူ လုပ်ကွက်များမှ ထွက်ရှိသည့် ကျောက်အမျိုးအစားဖြစ်ကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် ငွေစည်ဟိန်းကုမ္ပဏီနှင့် အခြားကုမ္ပဏီ (၁၁)ခုတို့၏ နိုင်ငံတော်နှင့်အကျိုးတူဆောင်ရွက်နေသည့် လုပ်ကွက်များမှ ထွက်ရှိသည့် ကျောက်စိမ်းအရိုင်းတုံးဖြစ်နိုင်ကြောင်းနှင့် ရွှန်းဂျန်းစတုန်းကုမ္ပဏီပိုင် ကျောက်ကွက်များမှ ထွက်ရှိသည့်ကျောက် မဟုတ်ကြောင်း သုံးသပ်ရရှိပါတယ်။

ငွေစည်ဟိန်းကုမ္ပဏီရဲ့ မော်မောင်းအကျိုးတူ(၃) လုပ်ကွက်မှထွက်ရှိပါသည်ဟု တိကျစွာ ထွက်ဆိုပေးနိုင်သည့် အဓိကသက်သေမှာ ဦးလတောင် ဖြစ်တဲ့အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ဦးလတောင် အား မြစ်ကြီးနားမြို့ရှိ နေအိမ်နှင့် ဖားကန့်ရတနာနယ်မြေအတွင်းသို့ သွားရောက်ရှာဖွေခြင်း၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၅၊ ၆၊ ၇)ရက်နေ့စဥ်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ထည့်သွင်းကြော်ငြာ အသိပေးခြင်းများ ဆောင်ရွက်ခဲ့သော်လည်း ဦးလတောင် မှ လာရောက်ဆက်သွယ်ခြင်းမရှိတဲ့အပြင်၊ ၎င်းအား ရှာဖွေတွေ့ရှိရခြင်း မရှိကြောင်း၊ ဦးလတောင် ကဲ့သို့ ခိုင်မာသည့် အခြားသက်သေများကိုလည်း သက်ဆိုင်ရာ ကုမ္ပဏီမှ တင်ပြနိုင်မှုမရှိကြောင်း၊ အငြင်းပွား ကျောက်စိမ်းအရိုင်းတုံးသည် ကန့်သတ်တားမြစ်ထားရှိသည့်ကာလအတွင်း တရားမဝင် တူးဖော်ရရှိခဲ့ခြင်းဖြစ်၍ စည်းကမ်းပျက်ကျောက်အဖြစ် သတ်မှတ်ပြီး နိုင်ငံတော်ကသာ စီမံခန့်ခွဲရတဲ့ ကျောက်စိမ်းအရိုင်းတုံးဖြစ်ကြောင်း သုံးသပ်ရရှိပါတယ်။

လက်ရှိအခြေအနေအရ အငြင်းပွားကျောက်စိမ်းအရိုင်းတုံးတွေ့ရှိသူ အဓိကသက်သေ ဦးလတောင် နှင့် ဦးလတောင် ကဲ့သို့ တိကျခိုင်မာသည့် သက်သေခံချက်ပေးနိုင်သူ (သို့မဟုတ်) ငွေစည်ဟိန်းကုမ္ပဏီမှ တင်ပြလာသည့် အသံဖိုင်နှင့်ပတ်သက်၍ ကိုယ်တိုင်ပါဝင်ပြောဆိုခဲ့သူနှင့် ၎င်းအချိန်တွင် အတူရှိနေသူများ၏ ထောက်ခံထွက်ဆိုချက်များရရှိပြီး စစ်ဆေးဖော်ထုတ်ချက်အရ မှန်ကန်ကြောင်း အတည်ပြုနိုင်မည်ဆိုပါက သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်နှင့်အကျိုးတူ

ဖက်စပ် ကုမ္ပဏီတို့ရဲ့ လုပ်ထုံးလုပ်နည်းများနှင့်အညီ အောက်ဖော်ပြပါ စီမံခန့်ခွဲရေးနည်းလမ်း လုပ်ငန်းစဉ်များအတိုင်း ပွင့်လင်းမြင်သာစွာ ဖြေရှင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းသိရှိရပါတယ်။

(၁)အချက်အနေနဲ့ အငြင်းပွားကျောက်စိမ်းအရိုင်းတုံးအား နိုင်ငံခြားငွေဖြင့် တင်ပြရောင်းချရသည့်စနစ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင်တင်ပြရောင်းချခြင်း၊ ဒုတိယအချက်အနေနဲ့ရောင်းရ ငွေရဲ့(၁၅)ရာခိုင်နှုန်းကို ကုန်သွယ်လုပ်ငန်းခွန်အဖြစ် နိုင်ငံတော်သို့ပေးဆောင်စေခြင်း၊ တတိယအချက်အနေနဲ့ ကုန်သွယ်ခွန်ပေးဆောင်ပြီးသော ကျန်ငွေရဲ့(၁၀)ရာခိုင်နှုန်းကို မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ရတနာခွန်အဖြစ် နိုင်ငံတော်အတွက် ပေးဆောင်စေခြင်းနှင့် (၁)ရာခိုင်နှုန်းကို ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီရန်ပုံငွေအဖြစ် ထည့်သွင်းစေခြင်း၊ စတုတ္ထအချက်အနေနဲ့ ကျန်ငွေကို နိုင်ငံတော်မှ (၂၅)ရာခိုင်နှုန်း၊ လုပ်ငန်းရှင်မှ(၇၅) ရာခိုင်နှုန်း ခွဲဝေခံစားရယူခြင်းတို့ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ အချင်းဖြစ် ကျောက်စိမ်းအရိုင်းတုံးနှင့် ပတ်သက်၍ မြေပြင်ကွင်းဆင်းပြီး သက်သေများအား အသေးစိတ်စစ်ဆေးခြင်း၊ သက်ဆိုင်ရာလုပ်ကွက်အသီးသီးသို့ သွားရောက်စစ်ဆေးခြင်း၊ စာရွက်စာတမ်းအထောက်အထားနှင့် ဓာတ်ပုံမှတ်တမ်းများ စုစည်းလေ့လာခြင်း၊ အဓိကသက်သေဖြစ်သည့် ဦးလတောင် ၏ ထွက်ဆိုချက်များရရှိအောင် ဆောင်ရွက်သကဲ့သို့ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးအမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ဥပဒေကြမ်းကော်မတီက တင်ပြပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါ ခင်ဗျား။ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီးတော့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ဥပဒေကြမ်းရဲ့ အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၃ (က) (ခ) (ဂ)(ဃ)(စ)(ဆ)၊အပိုဒ် ၆ ၊ အပိုဒ် ၈ ခြေဆင်း၊ အပိုဒ်၈ (က) (ခ) (ဂ)(ဃ) ၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၉ (က) (ခ)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂ ခြေဆင်း၂၊ အပိုဒ် ၁၂ (က) (ခ) (ဂ)(ဃ) (င) (စ) (ဆ)(ဇ)၊ အပိုဒ် ၁၃ ခြေဆင်း၊ ၊ အပိုဒ် ၁၃ (က) (ခ) ၊ အပိုဒ် ၁၇ ခြေဆင်း ၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၂၀၊ အပိုဒ် ၂၅၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၃၁၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇ ခြေဆင်း၊ အပိုဒ် ၃၇ (က) (ခ) (ဂ)(ဃ) (င) (စ) (ဆ)(ဇ) (ဈ)(ည)(ဋ) တို့ကိုပြင်ဆင်ထားပါတယ်။ ဒီပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်များကိုအမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် တင်ပြချက်အတိုင်း ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့ အတွက် တင်ပြပါ အပိုဒ်၊ အပိုဒ်ခွဲများသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၅ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ အပိုဒ် ၂(ဠ)၊ အပိုဒ် ၅ ခြေဆင်း၊ အပိုဒ် ၅ (ခ)(ဂ)၊ အပိုဒ် ၆ (က)(ခ)၊ အပိုဒ် ၇ ခြေဆင်း၊ အပိုဒ် ၇ (က)(ခ)၊ အပိုဒ် ၈ ခြေဆင်း၊ အပိုဒ် ၈(က)(ခ)၊ အပိုဒ် ၉(က)၊ အပိုဒ် ၁၀ ခြေဆင်း၊ အပိုဒ်၁၀(က)၊ အပိုဒ် ၁၁(က)၊ အပိုဒ် ၁၂(က)၊ အပိုဒ် ၁၃(ခ)၊ အပိုဒ် ၁၄(က)(ခ)၊ အပိုဒ် ၁၅ (က)(ခ)၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇(က)(ခ)၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁(ခ)၊ အပိုဒ် ၂၄ ခြေဆင်း၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အခန်း(၉) အခန်းခေါင်းစဉ်၊ အပိုဒ် ၃၂ (က)(ခ)(ဂ)၊ အပိုဒ် ၃၅(ခ)၊ အပိုဒ် ၃၈(ခ) တို့ကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက် ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် တင်ပြပါ အပိုဒ်၊ အပိုဒ်ခွဲများပါ ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် တင်ပြပါ အပိုဒ်၊ အပိုဒ်ခွဲများသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်၏ ပယ်ဖျက်ချက်များကို တင်ပြပါ့မယ်။

အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်းရဲ့ အခန်း ၃၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၅ ခြေဆင်း၊ အပိုဒ် ၃၂၊ အပိုဒ် ၃၅ တို့ကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားပါတယ်။ ဒီပယ်ဖျက်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာတင်ပြ အပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပယ်ဖျက်ချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်များကို ဆက်လက်တင်ပြပါ့မယ် ခင်ဗျား။

ပြည်သူ့လွှတ်တော်က အခန်း ၄၊ အခန်း ၅၊ အခန်း ၆၊ အခန်း ၇၊ အခန်း ၈ နှင့် အခန်း ၉ တို့ရဲ့ အခန်းခေါင်းစဉ် တို့ကို မူလအဆိုပြုချက် အတိုင်းထားရှိရန် အတည်ပြုထားပါတယ်။ ဒီပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်ကို အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီအတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည် ပြုပြီးပေးပို့ထားသော အခကြေးငွေပေးရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အခကြေးငွေပေးရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်းဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို ရှေးဦးစွာတင်ပြပါ့မယ်။

ပြည်သူ့လွှတ်တော်က ဥပဒေကြမ်းရဲ့ အပိုဒ် ၃(ခ) ခြေဆင်း၊ အပိုဒ် ၃(ခ)(၁)(၂)၊ အပိုဒ် ၄(ခ)(ဂ)(၂)၊ (ဃ)(င)(စ)(ဆ)၊ အပိုဒ် ၆၊ အပိုဒ် ၇(ဂ)၊ အပိုဒ် ၈၊ အပိုဒ် ၁၀(ဆ)၊ အပိုဒ် ၁၂(ခ)၊ အပိုဒ် ၁၃(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၇ ခြေဆင်း၊ အပိုဒ် ၁၈ ခြေဆင်း၊ အပိုဒ် ၁၈(ခ)၊ အပိုဒ် ၁၉(က)(ခ)(ဂ)၊ အပိုဒ် ၂၀ ခြေဆင်း၊ ၂၀(ဂ)၊ အပိုဒ် ၂၁ ခြေဆင်း၊ အပိုဒ် ၂၁(က)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အခန်း ၈ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၈ တို့ကို ပြင်ဆင်ထားပါတယ်။ ဒီပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် တင်ပြပါ အပိုဒ်၊ အပိုဒ်ခွဲများ ပြင်ဆင်ချက်အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် တင်ပြပါ အပိုဒ်၊ အပိုဒ်ခွဲများသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပြည်သူ့လွှတ်တော်ရဲ့ ပယ်ဖျက်ချက်များကို တင်ပြပါ့မယ်။

အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ဥပဒေကြမ်းရဲ့အပိုဒ် ၁၃ (ဃ)(င)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၈၊ အပိုဒ် ၃၀ တို့ကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားပါတယ်။ ဒီပြည်သူ့လွှတ်တော်ရဲ့ပယ်ဖျက်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန်လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပယ်ဖျက်ချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်များကို ဆက်လက်တင်ပြပါ့မယ်။

ပြည်သူ့လွှတ်တော်က ဥပဒေကြမ်းရဲ့အပိုဒ် ၃(ဂ)၊ အပိုဒ် ၂၇ တို့ကို မူလ အဆိုပြုချက်အတိုင်းဆက်လက်ထားရှိဖို့အဆိုပြုထားပါတယ်။ ဒီပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီအတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တ ခဏရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၈ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၃ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံတော်သမ္မတ တာဝန် ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံတော်သမ္မတ တာဝန် ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဗိုလ်မှူးကြီးခင်စိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီရဲ့ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ် တင်ပြခြင်း အစီရင်ခံစာကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီကိုယ်စား ဖတ်ကြားတင်သွင်း သွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ /၂၀၁၆ -၀၀၇
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ၊ ဇန်နဝါရီလ ၅ ရက်

၁။ ပြည်သူ့လွှတ်တော်က နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းကို (၃၁-၁၂-၂၀၁၅) ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် (၅-၁-၂၀၁၆) ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းကို လေ့လာစိစစ်ရာ၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် ပိုမိုပြည့်စုံမှုရှိစေရန် ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

### ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

### အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းကိုဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ယနေ့ ၁၆း၀၀ နာရီထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။**　။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်ကွက် (သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း အား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါ တယ်။

**အချိန်၊ ၁၁း၂၃။**

**ဦးမြင့်ထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။**　။ လေးစားရတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ဥပဒေကြမ်းကော်မတီဝင် ကျွန်တော် ပဲခူး တိုင်းအမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ထွန်း အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို တင်သွင်းသွားပါမယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်**
**ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၆ - ၀၀၆
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ၊ ဇန်နဝါရီလ ၅ ရက်

၁။　ပြည်သူ့လွှတ်တော်က ဒုတိယအကြိမ်ပြင်ဆင်ခဲ့တဲ့ ဒီဥပဒေကြမ်းကို ပြီးခဲ့တဲ့ဒီဇင်ဘာ (၃၁)ရက်နေ့မှာ ရရှိခဲ့ပါတယ်။ ကျွန်တော်တို့လွှတ်တော်မှာ ဆွေးနွေးကြဖို့ ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီဟာ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ ပညာရှင်တွေနဲ့ ယခုလ (၅)ရက်နေ့မှာ ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်တင်ပြပါမယ်။**

၂။ ဒီဥပဒေကြမ်းကို ကျွန်တော်တို့ လေ့လာကြတဲ့အခါမှာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေ ရွေးချယ်တာဝန်ပေးအပ်နိုင်ဖို့ အချိန်လုံလောက်အောင်နဲ့ ပြည်ထောင်စုအစိုးရ အဖွဲ့သစ်အနေနဲ့ ကြိုးကြပ်လမ်းညွှန်မှုတွေကို ဥပဒေနဲ့အညီ လုပ်နိုင်ကိုင်နိုင်အောင် ပြည်သူ့လွှတ်တော် က ပြည့်ပြည့်စုံစုံ ပြင်ဆင်ထားတာတွေ့ရပါတယ်။ ဒါကြောင့်မို့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် အတိုင်းပဲ အတည်ပြုသင့်တယ်လို့ လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်ကတော့**

၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဒီဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းပဲ ကျွန်တော်တို့လွှတ်တော်က ဆက်လက် ပြီးတော့ အတည်ပြုပေးဖို့အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၂၄။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း အားဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ယနေ့ ၁၆း၀၀ နာရီထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့ ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၁၄-၁၁-၂၀၁၃ ရက်နေ့တွင် ရှမ်း ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း က အဆိုတင်သွင်းပြီး ၃၁-၇-၂၀၁၄ ရက်နေ့တွင် ပြင်ဆင် ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထား သော မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာ

ပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပေပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ယနေ့ ၁၆း၀၀ နာရီထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန် အစည်းအဝေးကာလများအတွင်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန် အစည်း အဝေး ကာလများအတွင်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကိုဆွေးနွေးရန် အမည် စာရင်း တင်သွင်းထားတဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၇။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်၊ ပြည်သူ့ ငွေစာရင်းကော်မတီရဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို ထောက်ခံဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။

ဖော်ပြပါအစီရင်ခံစာကို ကျွန်တော့်အနေနဲ့ အချိန်ကန့်သတ်ချက်ရှိတဲ့အတွက်ကြောင့် အချက်(၂)ချက်ကိုပဲ အကျဉ်းချုံးပြီးတော့ တင်ပြသွားမှာဖြစ်ပါတယ်။ ပထမအချက်ကတော့ ရွှေကြွေး ကျန်များ ကိစ္စဖြစ်ပါတယ်။ အစီရင်ခံစာအရ ၃၁-၁၁-၂၀၁၅ ရက်နေ့အထိ ရွှေကြွေးကျန် စုစုပေါင်း ဟာ(၂၀၂၈၇.၁၄)ကျပ်သားရှိပါတယ်။ အဲဒီ ရွှေကြွေးကျန်များကို ပေးရမယ့်ကုမ္ပဏီများဟာ ကုမ္ပဏီ စုစုပေါင်း (၂၀၀)ရှိပါတယ်။ အမှုတွဲက (၂၁၆)ခု ဖြစ်ပါတယ်။ အဲဒီမှာ ပြန်ကြည့်တဲ့အခါကျတော့ (၁)ပိဿာကျော်ပေးရမယ့် ကုမ္ပဏီ(၂၇)ခုရှိပါတယ်။ (၂)ပိဿာကျော် ပေးရမှာ(၉)ခု၊ (၃)ပိဿာကျော် ပေးရမှာ(၆)ခု၊ (၄)ပိဿာကျော်ပေးရမှာ(၄)ခု၊ (၅)ပိဿာကျော်ပေးရမှာ (၁)ခု၊ (၆)ပိဿာကျော်ပေးရ

မှာ(၂)ခု၊ (၁၂)ပိသာကျော်ပေးရမှာ(၁)ခု၊ (၁၆)ပိဿာကျော်ပေးရမှာက(၁)ဦး ဖြစ်ပါတယ်။ အဲဒီတော့ ပေးရမယ့် အတိုင်းအတာတွေဟာ ဒါ တော်တော်လေးများတဲ့အနေအထားမှာ ရှိပါတယ်။ ဒါက ဘာလို့ ဒီလိုဖြစ်လာသလဲဆိုလို့ရှိရင် အဲဒီတော့ ကျွန်တော်တို့ ဒီအမှတ်(၂)သတ္တုတွင်းနှင့် ရွှေလုပ်ငန်းရှင်များ ဟာ သူတို့ ဒီလုပ်ဖို့စာချုပ်ချုပ်တဲ့အခါမှာ ဒီငွေကြေးတွေကို ဘယ်နေ့ဘယ်အချိန် ဘယ်လိုပေးရ မယ်ဆို တာသတ်မှတ်ချက်တွေ အတိအကျပါပြီးသား ဖြစ်ပါတယ်။

ဒီလိုဖြစ်လာရတဲ့ အကြောင်းကတော့ တာဝန်ရှိတဲ့ဝန်ထမ်းတွေနဲ့ လုပ်ငန်းရှင်တွေ နှစ်ဖက် စလုံးမှာ သူတို့ရဲ့ စာချုပ်ပါအတိုင်း ဆောင်ရွက်နိုင်မှု အားနည်းလို့ ဒါကျွန်တော်တို့က ဒီလိုပဲ သုံးသပ်ရ မှာ ဖြစ်ပါတယ်။ အခု ဒီရွှေကြွေးကျန်တွေကို ရရှိအောင် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းကနေပြီးတော့ သူက နည်းလမ်း(၄)လမ်းနဲ့ သူကကောက်ခံနေတာ တွေ့ပါတယ်။ ပထမနည်းလမ်းကတော့ နယ်မြေ မအေးချမ်းတဲ့ဒေသများမှာ ရွှေကြွေးကျန်ဖြစ်ပေါ်နေတဲ့ ကုမ္ပဏီများအားပေးသွင်းရမယ့် ရွှေကြွေးကျန် များကို စုံစမ်းစစ်ဆေးရေးအဖွဲ့များနဲ့ စစ်ဆေးပြီးတော့ နယ်မြေမငြိမ်းချမ်းမှုအတွက် သက်ဆိုင်ရာဒေသ အစိုးရအဖွဲ့ ထောက်ခံချက်နဲ့ ကြွေးကျန်စာရင်းမှ ပယ်ဖျက်ခွင့်ပြုခြင်းဖြစ်ပါတယ်။ ဒါပထမနည်းလမ်း ပါ။ အဲဒီတော့ ပထမနည်းလမ်းမှာ ကုမ္ပဏီအမှုတွဲ(၇၉)ခုရှိပါတယ်။ အဲဒီတော့ (၅၇)ခုက သူ့ရဲ့ဒေသ ဆိုင်ရာ စစ်ဆေးရေးအဖွဲ့နှင့် စစ်ဆေးပြီးတော့ (၅၇)ခုအနက်မှ (၂၂)ခုကို ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြထားပါတယ်။ အဲဒီတော့ ပြည်ထောင်စုအစိုးရအဖွဲ့က ဘယ်လိုပြန်ညွှန်ကြားသလဲဆိုတဲ့ အခါကျ တော့ ရသလောက် ပြန်တောင်းပါဆိုပြီးတော့ ဒီလိုညွှန်ကြားထားတာတွေ့ရပါတယ်။ ကျန်(၂၂)ခုက တော့ ဒါစစ်ဆေးရေးအဖွဲ့ကနေပြီးတော့ စစ်ဆေးနေဆဲဖြစ်ပါတယ်။

အဲဒီတော့ ဒီဟာနဲ့ပတ်သက်လို့ နယ်မြေမအေးချမ်းတဲ့ ဒေသများမှာ ဆောင်ရွက်နေတဲ့ ကုမ္ပဏီဆိုတာ နယ်မြေမအေးချမ်းလို့ ဆောင်ရွက်ခြင်းမပြုနိုင်တဲ့ ကုမ္ပဏီများရှိသလို၊ နယ်မြေ မအေးချမ်းသော်လည်း သက်ဆိုင်ရာ လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆွေးနွေးပြီးတော့ တူးဖော်လုပ်ကိုင်နေတဲ့ ကုမ္ပဏီတွေရှိပါတယ်။ အဲဒီတော့ ဒါကို သေသေချာချာ ကျွန်တော်တို့က စိစစ်ဖို့ လိုပါတယ်။ အဲဒီတော့ နယ်မြေမအေးချမ်းလို့ လုံးဝမလုပ်နိုင်ဘူးဆိုရင်တော့ ဒါ စာရင်းမှပယ်ဖျက်တာ ဒါသဘာဝကျပါတယ်။ သို့သော်လည်းပဲ သက်ဆိုင်ရာဒေသ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်း ပြီးတော့ လုပ်ဆောင်နေတဲ့ ကုမ္ပဏီများရှိတယ်။ အဲဒီကုမ္ပဏီများကိုတော့ဖြင့် သင့်တင့်တဲ့အချိုးပေါ့၊ သင့်တင့်တဲ့အချိုးနဲ့ ပေးသွင်းစေသင့်ပါတယ်။ ဒီလိုမဟုတ်ဘဲနဲ့ ရသလောက်ပြန်တောင်းပါဆိုလို့ရှိရင် တော့ အဲဒီအပေါ်မှာ လာဘ်ပေးလာဘ်ယူမှုတွေအများကြီးဖြစ်ပေါ်လာနိုင်တဲ့ အနေအထားမှာရှိကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

နောက် ဒုတိယနည်းလမ်းတစ်ခုကတော့ ဌာနနဲ့ဆက်သွယ်၍ မရရှိတဲ့ ကုမ္ပဏီများ၊ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြား မှုဦးစီးဌာနနဲ့ ညှိနှိုင်းအတည်ပြု၍ ယင်းကုမ္ပဏီများ၏ ရွှေကြွေးကျန်များအား စုံစမ်းစစ်ဆေးရေး အဖွဲ့များဖြင့် စစ်ဆေးပြီး ရွှေကြွေးကျန်စာရင်းမှ ပယ်ဖျက်ခွင့်ပြုခြင်းတဲ့ ဒီလိုနည်းလမ်းနဲ့ လုပ်တာရှိ ပါတယ်။ အဲဒီလိုနည်းလမ်းနဲ့လုပ်တဲ့အခါမှာ အမှုတွဲ(၂၅)ခုရှိပါတယ်။ (၁၅)ခု ဒါစစ်ဆေးပြီးတော့ ပြည်ထောင်စုအစိုးရကို တင်ပြထားဆဲဖြစ်ပါတယ်။ (၁၀)ခုကတော့ စစ်ဆေးဆဲဖြစ်ပါတယ်။ ဒါကလည်း ဒီနေရာမှာ စုံစမ်းစစ်ဆေးရေးအဖွဲ့များနဲ့ စစ်ဆေးပြီးတော့ စစ်ဆေးမှုကို သူတို့က ရွှေကြွေးကျန် စာရင်း

မှ ပယ်ဖျက်ခွင့် ပြုခြင်းဆိုတဲ့ ဟာလေး ဒီလိုလေးပါပါတယ်။ ဒီအဖွဲ့တွေကလည်း ဆက်သွယ်၍ မရဘူး။ ကုမ္ပဏီနဲ့ ကုမ္ပဏီပိုင်ရှင် Board of Directors တွေ ဆက်သွယ်လို့မရတော့ဘူး။ ဘယ်ရောက်နေမှန်း မသိဘူး။ အဲဒီလိုအနေအထား ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာကို စာရင်းကနေ ပယ်ဖျက်ရုံလေးနဲ့ မလုံလောက်ဘူးလို့ ယူဆပါတယ်။ အဲဒီတော့ အဲဒီ ကုမ္ပဏီများရဲ့ ပိုင်ရှင် Board of Directors များကို Black List သွင်းဖို့လိုအပ်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

နောက်နည်းလမ်း(၃)ဖြစ်ပါတယ်။ နည်းလမ်း(၃)ကတော့ ပေးသွင်းရန်ကျန် ကုမ္ပဏီ တချို့မှ တချို့တစ်ဝက်ပေးသွင်းထားသော ကုမ္ပဏီများမှ ပေးသွင်းရမည့် ရွှေကြွေးကျန်များကို စုံစမ်းစစ်ဆေး ရေးအဖွဲ့များနှင့် စစ်ဆေးပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အကျေပေးသွင်းရန် တောင်းခံသွား မည်ဖြစ်ပြီး၊ ပေးသွင်းခြင်းမရှိသော ကုမ္ပဏီများ သက်ဆိုင်ရာ တရားရုံးများတွင် အမှုဖွင့် အရေးယူ ဆောင်ရွက်ခြင်းဆိုတဲ့ ဒါနည်းလမ်းဖြစ်ပါတယ်။ အဲဒီမှာ အမှုတွဲ (၁၀၉)ခုရှိပါတယ်။ စစ်ဆေးပြီးက (၆၃)ခုရှိတယ်။ စာရင်းပယ်ဖျက်ရန် တင်ပြထားဆဲဖြစ်ပါတယ်။ ကျန်တဲ့အမှုတွဲ(၄၆)ခု ရှိပါတယ်။ ဒါ စစ်ဆေးဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။ ဒါတွေကလည်း တချို့တစ်ဝက်တော့ သွင်းနိုင်တယ်။ တချို့ တစ်ဝက်တော့ မသွင်းနိုင်ဘူး။ အဲဒီတော့ တတ်နိုင်သလောက်သွင်းတယ်။ ကျန်တာ တော့ မတတ်နိုင်တဲ့ အနေအထားမှာရှိတယ်။ ဆိုလိုတာက ဒီဟာတွေကိုလည်း တကယ်ဘာလို့ မသွင်းနိုင်တာလဲ။ ကျွန်တော်တို့ သတ်မှတ်ထားတဲ့ စာချုပ်စာတမ်းတွေနဲ့ သေချာစစ်ဆေးပြီးတော့ အစိုးရဘက် ကလည်း မနစ်နာအောင်၊ တကယ်လုပ်ငန်းရှင်တွေဘက်ကလည်း နစ်နာမှုမရှိအောင်၊ မျှမျှတတလေးဖြစ်အောင် ဒါလည်း စဥ်းစား ဆောင်ရွက်ပေးဖို့ လိုအပ်ကြောင်း တင်ပြလိုပါတယ်။

နောက်ဆုံးတစ်ချက်ကတော့ လုံးဝပေးသွင်းခြင်း မရှိတဲ့ ကုမ္ပဏီများရဲ့ ပေးသွင်းရမယ့် ကြွေးကျန်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့များနဲ့ စစ်ဆေးပြီး ကုမ္ပဏီများအား သက်ဆိုင်ရာ တရားရုံး များတွင် အမှုဖွင့် အရေးယူဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ဒါကတော့ လုံးဝပေးသွင်းခြင်းမရှိတဲ့ ကုမ္ပဏီပါ။ အဲဒီတော့ ဒါ ကျွန်တော်တို့ အမှတ် (၂) သတ္တုတွင်းကလည်း နယ်မြေမအေးချမ်းလို့ရှိရင် မအေးချမ်းတဲ့ အလျောက် စစ်ဆေးပြီးတော့ လိုအပ်သလို စာရင်းက ပယ်ဖျက်ပေးမယ်။ လိုအပ်သလို ရသလောက် ပြန်တောင်းမယ် ဆိုတဲ့ဟာလေးတွေ အများကြီးကို လျှော့ပေးထားတဲ့ အနေအထားမှာ ရှိပါတယ်။ ဒီလိုတွေ လျှော့ထားရက်သားနဲ့ လုံးဝပြန်မသွင်းဘူးဆိုတဲ့ ဟာမျိုးကတော့ ဒါ တော်တော်ကို ဆိုးတဲ့ အနေအထား ရှိပါတယ်။ အဲဒီတော့ အမှုတွဲက (၈၂)ခု ရှိပြီးတော့ စစ်ဆေးပြီးက (၅)ခု၊ စစ်ဆေးဆဲက (၇၇)ခု ရှိပါတယ်။ စစ်ဆေးဆဲ (၅)ခုကနေပြီးတော့ သက်ဆိုင်ရာမြို့နယ်တရားရုံးမှာ တရားစွဲဆိုအမှုဖွင့် အရေးယူဆောင်ရွက် နိုင်ဖို့အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက် လျက်ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ ရွှေကြွေးကျန်တွေကို ကျွန်တော်တို့ ကောက်တဲ့အခါမှာ ကျွန်တော်တို့တွေ (၁)နှစ်အတွင်းမှာ (၁၂)ရာခိုင်နှုန်းလောက်ပဲ ကျွန်တော်တို့ ကောက်ခံနိုင်တာကို တွေ့ရှိရပါတယ်။ အဲဒီတော့ တရားစွဲဆို ထားတဲ့ အမှုဟာ(၃)ခုရှိပြီးတော့ ခရိုင်တရားရုံးမှ တရားစွဲဆိုရန် အဲဒီတော့ Lawyer Notice ထုတ်ထား တာက ကုမ္ပဏီ (၅၈)ခု ဖြစ်ပါတယ်။ ဆိုလိုတာက ဒီရွှေကြွေးကျန်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဒီရွှေကြွေးကျန်တွေ ပြန်ရအောင် ဆောင်ရွက်နေတဲ့ အနေအထားဟာ နည်းနေသေးကြောင်း၊ အဲဒီတော့ (၁၂)ရာခိုင်နှုန်းသာ ဆောင်ရွက်နိုင်ကြောင်း၊ (၁)နှစ်အတွင်းမှာ ဒါလေးကို ကျွန်တော့်အနေနဲ့ ဖြည့်စွက် ပြီးတော့ တင်ပြဆွေးနွေးတာ ဖြစ်ပါတယ်။

နောက်တစ်ပိုင်းကတော့ ကျွန်တော်တို့ ဒီပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်နဲ့ နိုင်ငံပိုင် ပစ္စည်းများ ထုခွဲရောင်းချရေးကော်မရှင်ကနေပြီးတော့ရရှိဖို့ ကြွေးကျန်ဟာ ကျပ်သန်းပေါင်း (၂၉၇၈)သန်း ကျန်ရှိနေတာ တွေ့ရပါတယ်။ အဲဒီမှာလည်း ကျွန်တော်တို့ အစီရင်ခံစာရဲ့ သုံးသပ်ချက်အထဲမှာ တွေ့ပါတယ်။ အဲဒီမှာ ပြန်ပေးဖို့ဆိုတဲ့ အခါမှာ အဲဒီမှာ ဒီ ဈေးငွေရမှ ပြန်ပေးမယ် ဆိုတာတွေ တွေ့ပါတယ်။ ဒီဟာတွေကလည်း မဖြစ်သင့်တဲ့ကိစ္စ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီနိုင်ငံပိုင် ပြုလုပ်တော့ မယ်ဆိုတဲ့အခါမှာ ဒါဟာ ကျွန်တော်တို့ ၂၀၁၀ ခုနှစ်မတိုင်ခင်က ဆောင်ရွက်ခဲ့တဲ့ ကိစ္စတွေ ဖြစ်ပါတယ်။ အဲဒီဟာက ကျွန်တော်တို့ ဝန်ကြီးဌာနတွေ၊ ဌာနဆိုင်ရာတွေမှာ ကျွန်တော်တို့ မသုံးတော့တဲ့ ဌာနမြေ ဧရိယာ အပိုင်တွေရှိတယ်။ အဆောက်အဦတွေ ရှိတယ်။ ဒါကို ကျွန်တော်တို့က နိုင်ငံပိုင် ပြုလုပ်ပြီးတော့ ကျွန်တော်တို့ နိုင်ငံပိုင်ပစ္စည်းများ ထုခွဲရောင်းချရေးကော်မတီ ဒါကို ဖွဲ့စည်းပြီးတော့ ဌာနဆိုင်ရာတွေက အဲဒီကော်မတီကို အပ်ရပါတယ်။ အပ်တဲ့အခါမှာ မြေဧရိယာကို ရှင်းရှင်းလင်းလင်း ဖြစ်အောင် လုပ်ရပါတယ်။ အဲဒီတော့ အဲဒီအဆောက်အဦတွေကိုလည်း ပိုင်ဆိုင်မှု ရှင်းရှင်းလင်းလင်း ဖြစ်အောင် လုပ်ရပါတယ်။ ရှင်းလင်းပြီးပြီ၊ အားလုံး Clear ဖြစ်ပြီဆိုတဲ့အခါကျမှ ဒီ နိုင်ငံပိုင်ပစ္စည်းများ ထုခွဲ ရောင်းချရေးကော်မတီကို ဒါ အပ်နှံရတာ ဖြစ်ပါတယ်။ ဒီလိုနည်းနဲ့ အပ်နှံရတာ သူ့ Procedures တွေ ရှိပါတယ်။ အဲဒီတော့ ဒီလိုအပ်နှံပြီးပြီ၊ Clear ဖြစ်တဲ့ဟာတွေကို အပ်နှံပြီးပြီဆိုရင်လည်း ဒီကော်မတီက နေပြီးတော့ တင်ဒါတွေ ခေါ်တယ်။ ပြီးရင် စာချုပ်တွေ ချုပ်တယ်။ အရစ်ကျ ငွေသွင်းရမယ့် ဟာတွေ ကန့်သတ်ထားတာတွေ ရှိပါတယ်။ ဒီလိုစနစ်တကျ လုပ်ထားတာပါ။ အခုကျမှ ဘဏ်ဈေးငွေရမှ ပေးမယ် ဆိုတာတွေဟာ မဖြစ်သင့်ပါဘူး။

နောက်တစ်ခုက ကျွန်တော်တို့ မြေဧရိယာတွေ လွဲမှားနေလို့ ဒါတွေ အဆုံးမသတ်နိုင်တာတွေ ရှိပါတယ်။ ဧရိယာလွဲမှားတယ် ဆိုတာလည်း ခုနတုန်းက ကျွန်တော် တင်ပြပြီးပါပြီ။ ဒီဟာတွေ Clear ဖြစ်တဲ့ အခါကျမှ ဌာနဆိုင်ရာကနေပြီးတော့ ကော်မတီကို အပ်ရတာ ဖြစ်ပါတယ်။ နောက်တစ်ခုက ပညာရေး ဌာနကနေပြီးတော့ သူ့ရဲ့ ကုမ္ပဏီမှတ်ပုံတင်ထားခြင်းလည်း မရှိဘူး။ သက်တမ်းလည်း လွန်နေပြီဆိုတဲ့ ပြီးရင် အဲဒီကုမ္ပဏီကို ရှာလို့ မရဘူးဆိုတဲ့ သူ့ရဲ့ အကြောင်းပြချက်တွေ ရှိပါတယ်။ ဒါတွေကလည်း တကယ်တမ်း ဒါတွေကို တင်ဒါပေးတဲ့အခါမှာ ဒီကုမ္ပဏီတွေရဲ့ သူ့ရဲ့ မှတ်ပုံတင်၊ သူ့ရဲ့ ကုမ္ပဏီသက်တမ်း ကုန်ဆုံးမှု ရှိ/ မရှိ။ သူ့ရဲ့ တည်နေရာ စသဖြင့် Board of Directors လိပ်စာ အကုန်လုံးကို ဒါတွေနဲ့ စနစ်တကျ လုပ်ထားတဲ့ကိစ္စ ဖြစ်ပါတယ်။ အခုလို ငွေပေးသွင်းရမယ့်အခါကျမှ ကုမ္ပဏီနဲ့ ဆက်သွယ်လို့ မရဘူး။ မှတ်ပုံတင်ထားခြင်းလည်း မရှိဘူးဆိုတာတွေက ဒါတွေက မဖြစ်သင့် မဖြစ်ထိုက်တဲ့ ကိစ္စတွေ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ နောက်ဆုံးတင်ပြလိုတာကတော့ ကျွန်တော်တို့ ဒီကိစ္စတွေဟာ ယခု ဒီအစိုးရ လက်ထက်ကျမှဖြစ်တဲ့ ကိစ္စတွေ မဟုတ်ပါဘူး။ ယခင် အစိုးရလက်ထက်က ဖြစ်လာတဲ့ ပြဿနာတွေ ဖြစ်ပါတယ်။ အဲဒီတော့ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့က ယခင် အစိုးရလက်ထက်ကို ယခု အစိုးရက ဆက်ခံပြီးတော့ တာဝန်ယူ ဆောင်ရွက်ရတဲ့ အတွက်ကြောင့်မို့လို့ ဒီ အရှုပ်အရှင်းတွေကို ကျွန်တော်တို့ အစိုးရ အလွှဲအပြောင်း (၃)လ ကျန်ပါသေးတယ်။ ဒီ (၃)လအတွင်းမှာ ဒါလေးတွေကို ဖြေရှင်းပေး သွားနိုင်မယ်ဆိုလို့ရှိရင် နောက် အစိုးရအတွက်လည်း ဝန်ထုပ်ဝန်ပိုး ဖြစ်မှာ မဟုတ်တော့ပါဘူး။ အဲဒီတော့ လုပ်ရကိုင်ရတဲ့အခါမှာလည်း အဆင်ပြေချောမွေ့သွားမှာ ဖြစ်ပါတယ်။ လုပ်တဲ့ကိုင်တဲ့အခါမှာလည်း အဆင်ပြေချောမွေ့သွားမှာ ဖြစ်ပါတယ်။ လုပ်တဲ့ကိုင်တဲ့အခါမှာလည်း အမှတ်(၂)သတ္တုတွင်းကော၊

နိုင်ငံတော် ဘက်ကကော၊ လုပ်ငန်းရှင်ဘက်ကကော မနစ်နာရအောင် နည်းလမ်းရှာပြီးတော့ ဒါလေးကို အမြန် ပြီးပြတ်အောင် ဆောင်ရွက်သွားဖို့ လိုအပ်ကြောင်း ဒါဆွေးနွေးရင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့်အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ**။　　　။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန် အစည်း အဝေး ကာလများအတွင်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါ တယ်။

ယခု ပြည်သူ့ငွေစာရင်းကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၈။**

**ဒေါ်ရီရီမြင့်(အတွင်းရေးမှူး၊ ပြည်သူ့ငွေစာရင်းကော်မတီ)**။　　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှင်။ အမျိုးသား လွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ကာလများအတွင်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံ စဉ်းစားပေးနိုင်ရန် အဆိုကို ပြည်သူ့ငွေစာရင်းကော်မတီရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ကော်မတီ အတွင်းရေးမှူး ကျွန်မ ဒေါ်ရီရီမြင့် က အဆို တင်သွင်းအပ်ပါတယ်ရှင်။

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ**။　　　။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသား လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန်

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၂)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၃)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၂၂ )ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၁၁း၃၉ နာရီအချိန်တွင် ရပ်နားပါသည်။]